ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (18-8-2008) (၅၇၇၄)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်၌ ကျင်းပသည့် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဓာတ်ဆီအင်ဂျင်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ပံ့ပိုးဖြည့်ဆည်းပေးမှု၊ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် စီမံဖြည့်ဆည်းပေးထားပြီးဖြစ် မိမိတို့၏စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈ နာရီ ၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးလူအေးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဒေးဒရဲမြို့ လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်ရာများတည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့် မိသားစုများအား နေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတည်ပြုချိန် ၃း၀၅

ကြေးမုံ
The Mirror
၁၈-၈-၂၀၀၈
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သွင်းကုန်အစားထိုးကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ် ဈေးကွက်လိုအပ်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်တွင် နိုင်ငံပိုင်စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးရင်း သွင်းကုန် အစားထိုးစက်ရုံ၊ အလုပ်ရုံ အသစ်များကို တိုးချဲ့တည်ဆောက်ပေးနေသည်။ တစ်ချိန်တည်းတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန်များကိုလည်း ထူထောင်အားပေးလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံအများ အပြား ထူထောင်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဆေးဝါးလုပ်ငန်းစက်ရုံ၊ စက္ကူစက်ရုံ၊ စက်ဘီးစက်ရုံ၊ သားရေပစ္စည်းစက်ရုံ၊ ကြွေရည်သုတ်ပစ္စည်းစက်ရုံ၊ အပ်ချုပ်စက်ရုံ၊ မီးခံအုတ်စက်ရုံ၊ မီးခံဘိလပ်မြေပြားစက်ရုံ စသည်တို့တွင် ထုတ်လုပ်မှု အလားအလာကောင်းများ ဖြစ်ထွန်းနေကြောင်း သိရသည်။

ယင်းကဲ့သို့ သွင်းကုန်အစားထိုးစက်ရုံအများအပြား ဖွင့်လှစ်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ တိုးတက်ရရှိလာသည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များလည်း ပေါ်ပေါက်လာလျက်ရှိသည်။

စက်ရုံအသီးသီး ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ဈေးကွက်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး၊ ဝယ်လိုအားများသောပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သုံးစွဲသူများအကြိုက်တီထွင်ထုတ်လုပ်သွားရေးတို့ကိုလည်း မျက်ခြည်မပြတ် ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့်စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေလျာထားချက်များ ပြည့်မီကျော်လွန်စေရေး စက်စွမ်းအားပြည့် ထုတ်လုပ်သွားကြရမည်ဖြစ်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဖော်ဆောင်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်ဖြစ်ရာ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၊ ခေတ်မီစက်ရုံ အလုပ်ရုံများစွာကို နိုင်ငံတော်က ရင်းနှီးထူထောင်ပေးလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံအလိုက် အရည်အသွေးမြင့်စက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် နည်းတူလူသုံးအိမ်သုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးမီ လျာထားချက်နှင့်အညီ ကြိုးပမ်းထုတ်လုပ်ကြခြင်းဖြင့် ပြည်သူတို့၏ လိုအပ်ချက်ကို ပိုမို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးရွှေလျော်-ဒေါ်ငွေဘော်နှင့် ညီမများဖြစ်သော ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွှန့်ဝေတို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်လိပ်ကန်လမ်းနေ ဒေါ်ကျင်မြ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကကျောင်း တိုးချဲ့ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား ဂုဏ်ပြုပွဲကျင်းပ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ခင်းသည့် ဂုဏ်ပြုညစာ စားပွဲကို ဩဂုတ် ၁၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး (လူငယ်ရေးရာတာဝန်ခံ)ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့်ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများမှအသင်းဝင် လူငယ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့်အသင်းဝင်လူငယ်များကိုယ်စား ကရင်ပြည်နယ်ကော့ကရိတ်ခရိုင်အသင်း အလုပ်အမှုဆောင် ဦးမန်းညိမ်းအောင်က ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို သုံးဆောင်ကြသည်။အဆိုပါပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် အဖွဲ့ (၁၂)ဖွဲ့ခွဲပြီးဧရာဝတီတိုင်းလပွတ္တာမြို့နယ်၊ငပုတောမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်းရှိကျေးရွာများတွင်အခြေပြု၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၌ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ကုမ္ပဏီများ လမ်းမီးအစုံ ၁၈၀၀ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးအတွက် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနအောက်ရှိ Electricity Generating Authority of Thailand နှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် Ratchaburi Electricity Generating Holding Public Company Limitedတို့ကစုပေါင်း၍ ထိုင်းနိုင်ငံ ဘတ်ငွေခြောက်ဆယ့်ငါးသိန်း တန်ဖိုးရှိ လမ်းမီးအစုံ ၁၈၀၀ လှူဒါန်းပွဲကို ဩဂုတ် ၁၅ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့ တက်ရောက်၍ လက်ခံကြပြီး အမှတ်တရပစ္စည်းများ ပြန်လည်ပေးအပ်သည်။ အဆိုပါ လှူဒါန်းပွဲတွင် ထိုင်းနိုင်ငံမှ EGAT GOVERNOR Mr. Sornbut Sarntijaree က လမ်းမီးအစုံ ၁၈၀၀ လှူဒါန်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေတို့ထံ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးအတွက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ Electricity Generating - Authority of Thailand နှင့် ၎င်း၏ မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် Ratchaburi Electricity Generating Holding Public Company Limited တို့ စုပေါင်း၍ ဘတ်ငွေ ခြောက်ဆယ့်ငါးသိန်း တန်ဖိုးရှိ လမ်းမီးအစုံ ၁၈၀၀ ကို ပေးအပ်လှူဒါန်းစဉ်။
(အမှတ် ၂ လျှပ်စစ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်း စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ ကြည့်ရှုစစ်ဆေး ကုန်ထုတ်လုပ်မှု ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး မှာကြား

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံသို့ ရောက်ရှိပြီး စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံအနီး တည်ဆောက်လျက်ရှိသော တနော့ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ရေလှောင်တမံ တည်ဆောက်မှု အခြေအနေ၊ ဇူလိုင်နှင့် ဩဂုတ်လ မိုးရွာသွန်းမှု အခြေအနေနှင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်တောင်း အမှတ်(၁) စက္ကူစက်ရုံ၏ ကုန်ကြမ်းဌာန ဝါးစုရပ်၌ ဝါးကုန်ကြမ်းများ စနစ်တကျထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဝါးတင်ဆိပ်တွင် ဝါးဖောင်များရောက်ရှိမှု၊ ဝါးတင်ကရိန်းတည်ဆောက်မှုနှင့် စစ်တောင်းမြစ်ရေအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဓာတုဗေဒစက်ရုံခွဲသို့ ရောက်ရှိပြီး လက်ထောက်စက်ရုံမှူး ဦးစိုးမြင့်က ကော့စတစ်ဆိုဒါ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်နှင့် စက်ပစ္စည်းများပြုပြင်တပ်ဆင်ရန်လိုအပ်ချက် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကော့စတစ်ဆိုဒါ ထုတ်လုပ်မှုအခြေအနေနှင့် ကော့စတစ်ပြင်းအား တိုင်းတာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက္ကူစက်ရုံ၌ စက္ကူဖြတ်စက်နှင့် ကုန်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း၊ မျဉ်းတားစက်၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ရုံမှထုတ်လုပ်သော စာအုပ်အမျိုးမျိုးနှင့် စက္ကူအရွယ် အစားအမျိုးမျိုးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှုရည်မှန်းချက် ပြည့်မီကျော်လွန်အောင်ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	''ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း'' တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
၇း၅၅ - ၁း၅၅	မျောလေးမျောသမိုင်းဝင်… ဇမ္ဗူတစ်ခွင်ကြည်ညိုဝပ်တွားကျိုက်ပေါလောမှဲ့ရှင်တော် ဘုရား
၈း၂၅ - ၂း၂၅	VJ Choice
၈း၄၅ - ၂း၄၅	Activities In The City (ဆရာတော်ရွှေမန်းဦးသူရိယဝိဇာတမွေးနေ့၊ ကျောင်းရေစက်ချအလှူမင်္ဂလာပွဲ
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (ES4E LANGUAGE AND TRAINING CENTRE)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Treasure From The Earth (အပိုင်း-၂)
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ဝက်လျှာနှင့်ကြက်ဟင်းခါးသီးအချိုချက်)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	ကော်ဇောမှာအသွင် ဆန်းဒေါ်ပုံကော်ဇောအစွမ်း
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	Celebrity Style (ခင်လေးနွယ်နှင့်တွေ့ဆုံခြင်း)
၁၂း၁၀ - ၆း၁၀	Bonsai တို့ဖြစ်တည်ရာBonsai Villa
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အဆိပ်သင့်ရောဂါအမျိုးမျိုးအကြောင်း) ဒေါက်တာမျိုးလွင်ငြိမ်းနှင့်တွေ့ဆုံခြင်း
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

သတင်းအချက်အလက်မှ အသိပညာဆီသို့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ ဩဂုတ် ၂၃ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅)၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးထွန်းခိုင် (Integra) နှင့် ဦးနေလင်းသန်း (MIT) တို့က စီးပွားရေးလုပ်ငန်းများတွင် ကွန်ပျူတာစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ အချိန်ကာလတစ်ခု၌ Data များ များပြားစွာ ဖြစ်ပေါ်ခဲ့သည်။ ယင်း Data များထဲမှ မိမိလုပ်ငန်းအတွက် အကျိုးရှိမည့် အသိပညာများကို မည်ကဲ့သို့ ထုတ်ယူသုံးစွဲနိုင်သည်ကို "Data to Knowledge" "သတင်းအချက်အလက်မှ အသိပညာဆီသို့" ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံး အဆောင် (၄)၊ အခန်း(၄)၊ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်ကြီး၌ မိခင်ကြီး ဒေါ်သန်းသန်းအား အမှူးထား၍ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ကိုလူမင်းနှင့်ဇနီး မခင်စပါယ်ဦး မိသားစုတို့က ဩဂုတ် ၉ ရက်တွင် ရွှေသင်္ကန်း အလှူငွေကျပ် တစ်သိန်းနှင့် ဘက်စုံအလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးထွန်းလင်း(ဧရာ)နှင့် အဖွဲ့ လက်ခံယူစဉ်။ (ကြေးမုံ)

မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမအသင်း ဝန်ထမ်းသားသမီးများအားဂုဏ်ပြု၊ အကျိုးအမြတ်ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်က ကြီးမှူး၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မရမ်းကုန်းမြို့နယ် ဆရာ၊ ဆရာမ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အထက(၁) မရမ်းကုန်း စန္ဒိမာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာကြီး၊ဆရာမကြီးများ၊ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ဂုဏ်ထူးတစ်ဘာသာ ရရှိသူ ငါးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အကျိုးအမြတ်ငွေ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းအေး၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းမြင့်တို့က အမှာစကားပြောကြားကြပြီးဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌကအကျိုးအမြတ်ငွေကျပ်၆၁၆၀၀၀ ကို အသင်းသားများကိုယ်စား မြို့နယ်ပညာရေးမှူးထံ ပေးအပ်၍ **(အပေါ်ဝဲပုံ)** ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးစိန်မြင့်က အခြေခံပညာကျောင်းပေါင်း ၄၂ ကျောင်းသို့ ရုံးသုံးစက္ကူထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ယခင်ဖောင်ပယ်ဖျက်/ယခုဖောင်သုံးရန် ၃း၀၅

❍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကငွေကျပ် ၁၁၀၀၀၀၀စီ၊ မေတ္တာမွန်ဆွမ်းလောင်းအသင်း (၁၀)ရပ်ကွက်က ငွေကျပ် သိန်း၂၀၊ တောင်ဥက္ကလာပမြို့နယ်မှ ပြည်သူများက ငွေကျပ် ၁၀သိန်း၊ စက်မှုလုပ်ငန်းရှင်များနှင့် (၈)ရပ်ကွက်ပြည်သူများက ငွေကျပ် ၉၂၀၀၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်) က ငွေကျပ် ၂၀၀၀၀၀၊ ဦးဇော်ဝင်း (Super Coffeemix) ကငွေကျပ် ၃၅၅၅၅၅၊ မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးဗိုလ်ဆိုင် (တက်နေကုမ္ပဏီလီမိတက်)၊ ဦးတင်လတ် (စိန်ဒိုင်းမွန်း သဘော်ဆေးစက်ရုံ)နှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းတို့က ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက် ဘုတ်ဆုံမငရုတ်သီးမှုန့်) က ငွေကျပ်၂၁၀၀၀၀၊ ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့၊ မြို့နယ်ဆီကုန်သည်များအသင်း၊ ဦးကျော်ကျော်ရှိန်-ဒေါ်ခင်မာဦး(သိင်္ဂီဝိုင်းစတိုး)နှင့် ဦးမြင့်ဆန်း (၁၀)ရပ်ကွက်တို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးမျိုးဝင်းမြင့် (၁၀)ရပ်ကွက်က ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်လှလှ(လမ်းမတော်မြို့နယ်) က ငွေကျပ်၁၁၁၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)-ဒေါ်မြသွေးတို့ကငွေကျပ် ၁၁၀၀၀၀၊ ဦးစံငြိမ်း(၉)ရပ်ကွက်၊ ဦးအောင်စိန်-ဒေါ်မြမြတင် မိသားစု (၁၄)ရပ်ကွက်၊ ရဲမှူးကြီးဝင်းနိုင် (ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး)မိသားစု၊ ဦးသိုက်ထွန်း-ဒေါ်ခင်မြတ်ပို (၁၄)ရပ်ကွက်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့်အသင်းများ၊ ဦးမောင်မောင်ဦး(မင်္ဂလာရွှေအုတ်တိုင်းရင်းဆေး)၊ ဦးစိန်မင်း (ဝင်းညွန့်ဒန်အိုးစက်)၊ ဦးဝင်းကျော် (သရဖူစံပလတ်စတစ်လုပ်ငန်း)၊ မြို့နယ်အနေးယာဉ် စည်းကမ်းထိန်းသိမ်းရေးနှင့် လုပ်သားများနှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေး)တို့က ငွေကျပ် ၁၀၀၀၀၀စီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်၂၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကျော်စိုးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် အောင်မြေရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏသေဌက အနုမောဒနာတရားတော်ကိုဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၁၄၂အိတ် ၁၈ပြည်၊ ဆီ၇၁ပိဿာ၊ အိုင်အိုဒင်းဆားပိဿာ၁၂၁၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၃၆ဘူး၊ သွားတိုက်ဆား ၁၄၂ဘူး၊ ပဲ၁၄၂ပိဿာ၊ ငရုတ်သီးမှုန့်အထုပ်၅၀၀၊ ကြာဆံ ၃၉ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ ၉၃၃၃၅၅၅ကျပ် ဖြစ်သည်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက် ၁၃ တိုက်သို့ တပ်မတော်(ကြည်း၊ ရေလေ)မိသားစုနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ၃နာရီတွင်လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပန်းခြံကျောင်းလမ်းရှိ ပဏ္ဍိတာရာမစာသင်တိုက်၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပဏ္ဍိတာရာမ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးက ဆရာတော်ထံဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကငွေကျပ် ၁၅၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၂၀၀၀၀၀၊ ဦးလှထွန်း (ဥက္ကဌမေတ္တာဝါဒီ ကျောင်းကြီးကြပ်ရေးကော်မတီက ငွေကျပ် သိန်း၅၀၊ ဦးချောင်-သီဟသုဓမ္မသိင်္ဂီဒေါ်ရွှေစင်မိသားစု (Gold Uni Jewellery Co.,Ltd.) က ငွေကျပ်၁၀သိန်း၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ၅၀၀၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)က ငွေကျပ် ၂၀၀၀၀၀၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (Gunkul Engineering and Fresh Air Conditioners Co.,Ltd.)၊ စရီမာရီယမ္မာန်ဘုရားကျောင်း ဂေါပကအဖွဲ့နှင့် ဦးဇော်ဝင်း(အတွင်းရေးမှူး စရီမာရီယမ္မာန်ဘုရားကျောင်း ယာယီထိန်းသိမ်းရေးကော်မတီ)တို့က ငွေကျပ် ၅၀၀၀၀၀စီ၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ) က ငွေကျပ် ၃၆၀၀၀၀၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့် ရောင်းဝယ်ရေး) က ငွေကျပ် ၃၁၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၃၀၇၀၀၀၊ ဦးသန်းဦး-သုဓမ္မသိင်္ဂီဒေါ်မေသန်းနွယ်(သိင်္ဂီရွှေရည်ဓာတ်ပုံတိုက်)၊ အဂ္ဂမဟာသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော် ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်) နှင့် လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ)ကငွေကျပ် ၂၀၆၀၀၀၊ လှိုင်မြို့နယ် ပညာရေးမှူးရုံးနှင့် အခြေခံပညာကျောင်းများက ငွေကျပ် ၂၀၀၀၀၀၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့) က ငွေကျပ် ၁၅၅၀၀၀၊ ဦးမောင်မောင်ထွေးနှင့် သစ်စက်လုပ်ငန်းရှင်များနှင့် လှိုင်မြို့နယ် ဆီကုန်သည်များအသင်းတို့က ငွေကျပ် ၁၅၀၀၀၀၊ လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် ဌာနဆိုင်ရာများက ငွေကျပ် ၂၉၇၈၀၀၊ လှိုင်မြို့နယ် အတွင်းရှိဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ ကငွေကျပ် ၁၁၆၀၀၀၊ ဒေါ်လှလှ (လမ်းမတော်မြို့နယ်)ကငွေကျပ် ၁၁၁၀၀၀၊ ဒေါ်သန်းသန်းဦး (ဒဂုံဂျစ်ကားထုတ်လုပ်ရေး)၊ ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးဝါးနှင့် အလှကုန်ထုတ်လုပ်ဖြန့်ချိရေး) နှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ တိုင်းရင်းဆေး)နှင့် ဦးမောင်မောင်သန်း၊ ဦးအောင်သန်းတို့က ငွေကျပ် ၁၀၀၀၀၀စီ အပါအဝင် အလှူရှင်များက အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များကိုယ်စား တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ပဏ္ဍိတာရာမ စာသင်တိုက်ပဓာနနာယက ဆရာတော်က အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် အိတ်၂၅၀ သုံးပြည်၊ ဆီ ၁၃၂ပိဿာ၊ ၅၀ကျပ်သား၊ အိုင်အိုဒင်းဆား၁၂၂၅ပိဿာ၊ သွားတိုက်ဆားဘူး ၂၄၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၆၇ဘူး၊ ပဲ၂၄၅ပိဿာ၊ ငရုတ်သီးမှုန့် အထုပ်၅၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၄၀၀၊ ဆပ်ပြာမွှေး ၁၄၄တုံးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၁၃၁၂၅၇၅၀ ဖြစ်သည်။

(သတင်းစဉ်)

ဘိလပ်မြေတိုးတက်ထုတ်လုပ်ရေးနှင့် စွမ်းအင်သုံးစွဲရမှု လျှော့နည်းသက်သာရေး နည်းပညာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက ကြီးမှူး၍ M.Y Associates Co.,Ltd (ရန်ကုန်)နှင့် L.V Technology Co.,Ltd. (ဗန်ကောက်) တို့မှ ပူးတွဲစီစဉ်သော "ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရေးနှင့် စွမ်းအင် သုံးစွဲရမှု လျှော့နည်းသက်သာရေး နည်းပညာ"ရှင်းလင်းပွဲကို ဩဂုတ် ၁၄ရက် နံနက်၉နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည် ဘိလပ်မြေစက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပသည်။

အဆိုပါနည်းပညာရှင်းလင်းတင်ပြပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိဘိလပ်မြေစက်ရုံများ၊ ပုဂ္ဂလိက ဘိလပ်မြေစက်ရုံများမှ ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ M.Y Associates Co.,Ltd Managing Director, ဒေါ်ဥမ္မာမြင့်က အဖွင့် အမှာစကားပြောကြားပြီး L.V Technology Public Co.,Ltd Marketing Manager,Ms. Hanne B Nielsen က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Process General Manager, Mr.M T Rao က ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်သုံးစွဲမှု လျှော့နည်းရေး နည်းပညာများနှင့် ပတ်သက်၍လည်းကောင်း၊ Assistant to Managing Director, Mr.Punya Kritiyawong က L.V နည်းပညာ သုံးစွဲထားသော Cement Complete Plant ပေးသွင်းနေမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရေးနှင့်စွမ်းအင်သုံးစွဲရမှု လျှော့နည်းသက်သာရေး နည်းပညာရှင်းလင်းပွဲတွင် M.Y Associates Co.,Ltd. မှ Managing Director ဒေါ်ဥမ္မာမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေဝတီတိုင်း နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး တိုင်းမှူးပိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၇

ရေဝတီတိုင်း နှစ်ရှည်ပင် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ရက်မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်း နှင့်အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းနှစ်ရှည်ပင် စိုက်ပျိုးရေးကော်မတီဝင်များ၊ နှစ်ရှည်ပင် စိုက်ပျိုးရန် မြေနေရာရယူထားသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ ရေဝတီတိုင်း နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက အမှာစကားပြောကြားရာတွင် ရေဝတီတိုင်း၌ သုံးနှစ်အတွင်း ရော်ဘာဧက တစ်သိန်းနှင့် ခြိစည်းရိုးကြက်ဆူ ဧကငါးသိန်း စိုက်ပျိုးရန် လျာထားဆောင် ရွက်ခဲ့ကြောင်း၊ ရော်ဘာသည် ဝယ်လိုအား မြင့်မားသော စက်မှုကုန်ကြမ်းသီးနှံ ဖြစ်ကာ နိုင်ငံတော်နှင့် စိုက်ပျိုးလုပ်ကိုင်သူများ အကျိုးစီးပွားအတွက် ရည်မှန်းချက် ပြည့်မြောက် အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းနှစ်ရှည်ပင် စိုက်ပျိုးရေးကော်မတီဝင်များ ဖြစ်ကြသော တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှ၊ တိုင်းမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်ကြည်ဦး၊ တိုင်းသစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြစန်းနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးကြည်စိုးတို့က ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက နှစ်ရှည်ပင်များလျာထားဧက ပြည့်မီရေးအတွက် နည်းလမ်းများ ရှာကြံကာ လျာထားချက်ကျော်လွန်သည်အထိ စိုက်ပျိုးသွားရန် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံတည်ဆောက်ပြုပြင်ရန်၊ ရုပ်ရှင်နှင့်ဗွီဒီယို သရုပ် ဆောင် သုဓမ္မမဏိဇောတရေ ခန့်စည်သူ မိသားစုတို့က စေတီတော် ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဒဂုံပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏာနန္ဒ ရှေ့မှောက်တွင် လှူဒါန်းသော ငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ (အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတရေ) ဒေါက်တာမိုးတင်နှင့်အဖွဲ့က လက်ခံစဉ်။ (ကြေးမုံ)

ကျိုက္ကစံဆံတော်ရှင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ စီမံကိန်း(၂)မှ ကိုဝင်းထိန်နှင့်ညီအစ်ကို မောင်နှမတစ်စုက ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးစိုးမြင့်၊ ဂေါပကအဖွဲ့ဝင် ဦးမြင့်သိန်းနှင့် ဦးတင်မောင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

နိုင်ငံတကာစီးပွားရေးဆိုင်ရာ အင်တာနက်သတင်းဆောင်းပါး

ကမ္ဘာ့ဈေးအချိုဆုံးကား ထုတ်လုပ်နိုင်ပါဦးမည်လား

ဈေးအလွန်သက်သာသည့်"ပြည်သူ့ကား"ဟုဆိုသော အံ့ဖွယ်ကားခေတ် တစ်ခေတ်မှာ ဖြစ်ပေါ်မလာမီကပင် ပျောက်ကွယ်နှင့်ပြီဟု ဆိုရတော့မလို ဖြစ်နေသည်။

ယခုနှစ်ဆန်း ဇန်နဝါရီလအတွင်းက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ခင်းကျင်းပြသခဲ့သည့် အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီးတွင် အိန္ဒိယ၏ အကြီးမားဆုံး ကားထုတ်လုပ်ရေးကုမ္ပဏီကြီး တစ်ခုဖြစ်သော တာတာက အိန္ဒိယ၏ လူလတ်တန်းစားများ ကိုယ်ပိုင်ကားစီးနိုင်ရေးအတွက် "တာတာနာနို" ကားငယ်တစ်စီးကို ပွဲထုတ်ပြသခဲ့သည်။ ၆၂၃ စီစီအင်ဂျင်တပ်ဆင်ထားသည့် အဆိုပါ ဆီဒင်ကားငယ်ကို တစ်စီးလျှင်ဒေါ်လာ ၂၅၀၀မျှဖြင့်သာ ရောင်းချပေးသွားမည် ဟုလည်း ကတိကဝတ် ပြုသွားခဲ့သည်။ နာနိုကားသာ ဈေးကွက်အတွင်း အမှန်တကယ် ဝင်လာပါက အိန္ဒိယသားတို့စီးနေကျ စကူတာများနှင့် ကားများမှာ ဝေးရာသို့ ရှားကြရတော့မည်ဖြစ်သည်။ သို့ရာတွင်ကံကြမ္မာက "နာနို" ကို မျက်နှာသာမပေးခဲ့။ သံမဏိနှင့် အခြားကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းများ တစ်နေ့ထက်တစ်နေ့ တရိပ်ရိပ် တက်လာသည်နှင့်အမျှ လွန်ခဲ့သည့်ရှစ်လခန့်က ပေးထားခဲ့သည့် နာနို၏ ကတိကဝတ်မှာလည်း တစ်စထက် တစ်စ မှေးမှိန်ပျက်ပြယ်လာခဲ့ပြီ ဖြစ်သည်။

တာတာကုမ္ပဏီ၏ ဥက္ကဋ္ဌ ရာတန်တာတာက မိမိတို့အကျပ်ရိုက်နေပြီဖြစ်ကြောင်း ဝန်ခံခဲ့သည်။ ထို့ပြင် ၎င်းက "ထုတ်လုပ်မှုကုန်ကျစရိတ်တွေ တက်လာသမျှကို ထေမိစေဖို့အတွက်နာနိုကိုဈေးတင်လိုက်မယ်ဆိုရင်လည်း ဝယ်လိုအားကိုထိခိုက်လိမ့်မယ်၊ အဲဒီလိုမလုပ် ဘူးဆိုရင်လည်း ကျွန်တော်တို့အမြတ်အစွန်းရတော့မှာ မဟုတ်ဘူး" ဟု ပြောကြားခဲ့သည်။

ဂလိုဘယ်အင်ဆိုက်အတိုင်ပင်ခံလုပ်ငန်း၏ ခန့်မှန်းချက်တစ်ခုအရ နာနိုကားများ ထုတ်လုပ်ရန် စတင်ဆောင်ရွက်ခဲ့သည့်၂၀၀၃ခုနှစ်မှစ၍ ကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းသည် ၁၃ ရာခိုင်နှုန်းခန့်မှ ၂၃ ရာခိုင်နှုန်းခန့်လောက်အထိမြင့်တက်ခဲ့သည်ဟုဆိုသည်။"ရာတန်တာတာက သူ့ကားကို ဈေးချိုချိုနဲ့ ရောင်းပေးမယ်ဆိုတဲ့ ကတိကို ထိန်းနိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး" ဟုလည်း အဆိုပါ အတိုင်ပင်ခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရာဂျက်ရှ်မာလ်ဟိုထရာ ကဲ့သို့သော ကားဝယ်ရန် အားထုတ်ကြိုးပမ်းနေသူများအား "ဒါးစပီဂယ်လ်" မဂ္ဂဇင်းက တွေ့ဆုံမေးမြန်းခဲ့ရာတွင် "နောက်ထပ် ဒေါ်လာ ၅၀၀ လောက်ထပ်တက်လာမယ်ဆိုရင်တော့ ဒီလိုအဲယားကွန်း မပါတဲ့ နာနိုကားမျိုးကို ဝယ်မယ့်အစား သူ့ထက် အင်ဂျင်ပါဝါကောင်းတဲ့ တစ်ပတ်ရစ်ကား တစ်စီးစီးကိုပဲ ဝယ်ဖို့ဆုံးဖြတ်ထားတယ်" ဟု ပြောကြားသည်။

လတ်တလော အခြေအနေတွင် တာတာအနေဖြင့် "ပေါ်-ချောင်-ကောင်း"ကားဈေးကွက်မှ ၎င်း၏ ပြိုင်ဘက်များ ဆုတ်ခွာသွားနေပြီကို တွေ့မြင်နေရပြီဖြစ်သည်။ တောင်ကိုရီးယားမှ ဟျွန်းဒေး(Hyundai) အုပ်စု၏ တရုတ်ဈေးကွက်အတွက် ဒေါ်လာ ၅၀၀၀တန်ကား ထုတ်လုပ်ရေးစီမံကိန်းဖျက်သိမ်းလိုက်ရသည့် သတင်းနှင့် ရေးနော့-နစ်ဆန်နှင့် ဘာဂျက်အော်တိုတို့၏ ဖက်စပ်ကားထုတ်လုပ်ရေးအတွက် နှစ်ဖက်သဘောတူ စာချုပ်ကို ပြန်လည်သုံးသပ်တော့မည် ဆိုသည့်သတင်းများ ပေါ်ထွက်လာသည်။

ပစ္စက္ခအားဖြင့်မူ အိန္ဒိယတွင် ဈေးအချိုဆုံးကားမှာ ဒေါ်လာ ၄၃၀၀ ခန့်ဖြင့် ရောင်းချနေသည့် မာရုတီ ၈၀၀ အမျိုးအစားဖြစ်သည်။ မာရုတီ ဆူဇူကီးကား ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ရှင်ဇိုနာကာနီရှီအား မာရုတီ၏ ဈေးနှုန်းကို လျှော့ချခြင်းအားဖြင့် တာတာ၏ နာနိုကို ယှဉ်ပြိုင်ရန်အစီအစဉ်ရှိမရှိဟူသောမေးခွန်းကိုသတင်းစာ တစ်စောင်က မေးမြန်းခဲ့ရာ ၎င်းက မိမိတို့၏ မာရုတီ ကားကို အရှုံးခံ၍ ရောင်းမည်မဟုတ်ကြောင်း၊ သင့်တင့်သော ဈေးနှုန်းဖြင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ယခုအခါ "ပေါ်-ချောင်-ကောင်း" ကားဈေးကွက်မှ ပြိုင်ဘက်များထွက်ခွာသွားပြီးနောက် တာတာကုမ္ပဏီအနေဖြင့်လည်းရွေးချယ်ရမည့်လမ်းနှစ်သွယ်ကိုတွေ့မြင်လာရပြီဖြစ်သည်။ နာနိုကား ထုတ်လုပ်မည့် အစီအစဉ်ကို စွန့်လွှတ်မည်လော (သို့တည်းမဟုတ်) "ပေါ်-ချောင်-ကောင်း" ကားထုတ်လုပ်မှု၏ ကန့်သတ်ချက်ဘောင်များကို မဖြစ်မနေ ချိန်ညှိကျော်လွှား၍ ကားကိုထုတ်လုပ်ရန် အားထုတ်မည်လောဆိုသည့် မေးခွန်းများကို တာတာကုမ္ပဏီ၏ တာဝန်ရှိသူများ ဖြေဆိုကြရတော့မည်ဖြစ်သည်။ ။

အောင်နိုင်ဦး (ကြေးမုံ)

ဒေါ်လာ၂၅၀၀မျှဖြင့် ရောင်းချမည်ဟု ဆိုခဲ့သည့် အိန္ဒိယကား ကုမ္ပဏီ တာတာ၏နာနိုကား။

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်း

ရန်ကုန် ဩဂုတ် ၁၇

ပဲခူး(၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရဓမ္မရိပ်သာ၏ ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ (၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) ဩဂုတ် ၂၃ ရက် ညနေအရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ သုံးထပ်ကျောင်းဆောင်သစ်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၇

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူ ၁၂၄ဦးတို့သည်ယာယီကျောင်းဆောင်အတွင်း၌ ပညာသင်ကြားလျက်ရှိရာ ကျောင်းဆောင်သစ်မြေညီထပ် စာသင်ခန်းများ အမြန်ပြီးစီးနိုင်ရေးအတွက် ကြွေပြားနှင့် အလူမီနီယံတံခါးများအပါအဝင် ကျပ်၁၀သိန်းနှုန်းဖြင့်တစ်ခန်း၊ ကျပ်ရှစ်သိန်းနှုန်းဖြင့် သုံးခန်း၊ ကျပ်ခြောက်သိန်းနှုန်းဖြင့် လေးခန်းနှင့် ကျပ်လေးသိန်းနှုန်းဖြင့် လေးခန်းတို့အတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ ကျောင်းထိုင်ဆရာတော် ဖုန်း-၅၄၅၈၃၇ နှင့် ၀၉-၅၂၁၃၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၈)

ဆီမီးတစ်တိုင်မှသည် . . .

ခင်ဆွေမြင့် (မြန်မာစာ)

မြန်မာ့လူ့အဖွဲ့အစည်းသည် "ပညာ"ကို အလေးအမြတ်ထားသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာတို့သည် လူ့တန်ဖိုးကို ပညာဖြင့် ပိုင်းဖြတ်တတ်ကြသူများအဖြစ် သမိုင်းကို ဖြတ်သန်းခဲ့ကြသည်။ ပညာတွင်လည်း လောကုတ္တရာပညာနှင့် လောကီပညာဟူ၍ ခွဲခြားသိမြင်ကာ လက်ခံကျင့်သုံးကြသည်ကို တွေ့ရှိရပါသည်။

လောကုတ္တရာပညာဟူသည်မှာ လောကီထက်မြတ်သော ပညာ၊ လောကီကိုကျော်လွန်သောပညာ၊ တစ်နည်းအားဖြင့် သံသရာအတွက် ချမ်းသာကို ရှာသောပညာ ဖြစ်သည်။ ဆင်းရဲဒုက္ခပြွမ်းလှသော လောကမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာသည် အမြတ်ဆုံးသော လောကုတ္တရာပညာ ဖြစ်ပါသည်။

လောကီပညာသည်လည်း မျက်မှောက်ကာလတွင် လက်တွေ့ရင်ဆိုင်နေရသော ဘဝကို ချမ်းသာစေသောပညာ၊ လောကကို ချမ်းသာစေသောပညာ ဖြစ်သည်။ ဆင်ခြင်သုံးသပ် ဆုံးဖြတ်နိုင်စွမ်းကို မှန်ကန်ထက်မြက်စေသော ပညာဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများပြားလှသော မြန်မာ့လူ့အဖွဲ့အစည်းတွင် လောကုတ္တရာပညာနှင့် လောကီပညာနှစ်ရပ်လုံးကို လေ့လာလိုက်စား တန်ဖိုးထားကြပါသည်။

လူ့ဘဝခရီးကို အရွယ်သုံးပါးပိုင်းခြားပြီး ပထမအရွယ်တွင်ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားရှာဟူ၍ ပညာနှစ်ရပ်ကို လုပ်ငန်းတာဝန်ခွဲဝေထားကြပါသည်။

"ပညာရဲရင့် ပွဲလယ်တင့်" "ပညာဟူသည် မြတ်ရွှေအိုး" "ငယ်စဉ်အခါ ပညာရှာ" "ပညာရှာ ပမာသူဖုန်းစား" "ပညာမရှိ သူ၏ဝန်ထမ်း" စသော စကားပုံများ၊ ဆိုရိုးစကားများသည် မြန်မာ့လူ့ဘောင် ၏ ပညာရေးဆိုင်ရာ လမ်းညွှန်များ ဖြစ်ပါသည်။

"လောကနီတိ"အရ ဖွဲ့ဆိုထားသော ကဗျာတစ်ပုဒ်တွင်-

"ထုံးမပါဘဲ၊ ကွမ်းယာလည်းစား
ရှားပါးသူမှာ၊ တန်ဆာဆင်ယင်
ဟင်းအိုးတွင်လည်း၊ ဆားလျှင်ကင်းလတ်
အတတ်ပညာ၊ မရှိပါဘဲ
ကဗျာဖွဲ့ဆို၊ ထိုမျှလေးချက်
ရသပျက်၏"

ဟူ၍ ထုံးမပါသောကွမ်း၊ အလှ၊ ဥစ္စာမရှိပါဘဲ အလွန်အမင်း အလှပြင် ဆင်ယင်သူ၊ ဆားမပါသောဟင်း၊ စာပေပညာ မတတ်ပါဘဲ ကဗျာစာပေဖန်တီးသူ-ဤလေးမျိုးကို အရသာပျက်ခြင်းလေးမျိုးဟူ၍ ဖွဲ့ဆိုထားပါသည်။ "လောကနီတိ" သည် မြန်မာသက္ကရာဇ် ၆၆၀၊ လွန်ခဲ့သော နှစ်ရာပေါင်းများစွာသောကာလ ပင်းယခေတ်မှ ယခုထိတိုင် ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ရည်ကျင့်ဝတ်များအဖြစ် ထင်ရှားခဲ့ပါသည်။ အထူးသဖြင့် မြန်မာတို့သည် လောကနီတိလာ "ပညာကဏ္ဍ" ကို လက်စွဲပြုပြီး ဘဝခရီးကို လျှောက်လှမ်းကြသူများ ဖြစ်ပါသည်။

ကျွန်မတို့မြန်မာများ အမြတ်တနိုးတန်ဖိုးထားမက်မောသော "ပညာ"ကို ဆီမီးဖြင့် သင်္ကေတပြုကြပါသည်။ ပညာသည် ဘဝအတွက်၊ လောကအတွက်၊ လောကုတ္တရာအတွက် အလင်းရောင်ဖြစ်စေသည်ဟူသော အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ ထိုအခါ ပညာအလင်းရောင်ကို ထွန်းလင်းအောင် ဖန်တီးပေးသူများဖြစ်သည့် ဆရာ၊ ဆရာမများသည်လည်း "ဆီမီးတိုင်" များသဖွယ် ဖြစ်လာကြပါသည်။

ကဗျာစာဆို "ငွေတာရီ"က-

"ဘုရားရှေ့ဝယ်၊ အငွေ့လှိုင်လှိုင်
နံ့ကြိုင်ကြိုင်ဖြင့်၊ တစ်တိုင်ဆီမီး
ထိန်ထိန်ညီးတည့်။
သူ့အလျှံမှ၊ တစ်ဖန်ကူးဘိ
သူငါညှိလည်း၊ မသိလျော့ရာ
ထိန်မြဲသာတည့်။"

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ အဘယ်မျှပင်ကူးစက်ထွန်းညှိသော်လည်း မိမိ၏အလင်းရောင်မလျော့ပါးသော ဆီမီးတိုင်၏ သဘာဝကို သရုပ်ဖော်နိမိတ်ပုံဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ စင်စစ်အားဖြင့်မူ ဆီမီးတိုင်သည် မိမိ၏မူလအလင်းရောင်မလျော့သည် သာမက အသစ်အသစ်သော ဆီမီးတိုင်များကို တိုးပွားလာစေပြီး အလင်းရောင်အင်အား ပိုမို များပြားလာစေနိုင်သူ ဖြစ်ပါသည်။

ပညာသင်ကြားပို့ချပေးသူဆရာဆရာမများသည်"ဆီမီးတစ်တိုင်" သာဖြစ်ပါသည်။ ပညာသင်ယူသူတပည့်များသည် တိုးပွားလာသော များစွာသော ဆီမီးတိုင်များဖြစ်ကြပါသည်။ ဆီမီးတိုင်များ များပြားလာလေလေ အလင်းခွန်အား များပြားလာလေလေ ဖြစ်ပါသည်။

ပညာဆီမီးတိုင်များစွာကြောင့် လောက၏ အမိုက်မှောင်များကို ဖယ်ခွာရှင်းလင်းနိုင်ကြပါသည်။ လောကသည်ပိုမိုလင်းကျင်း တောက်ပလာ ပါလိမ့်မည်။ စိတ်ကောင်း၊ စေတနာကောင်း၊ ကိုယ်ကျင့်တရားကောင်း၊ လုပ်ရည်ကိုင်ရည်ကောင်း၊ စွမ်းရည်ကောင်းများရှိသည့် ပြည်သူပြည်သားကောင်းများ တိုးတက်ပွားများ ထွန်းကားလာပါလိမ့်မည်။

ပညာရရှိခဲ့ကြပြီးဖြစ်သော တပည့်ဆီမီးတိုင်များသည် မိမိတို့တစ်တိုင်ချင်းချည်း လင်းမနေဘဲ အခြားအခြားသော ဆီမီးတိုင်များသို့ ကူးစက်ပြန့်ပွား လင်းလက်သွားအောင် စွမ်းဆောင်သင့်လှပါသည်။

တပည့်များအားလုံးသည် ဆရာအဖြစ်ဖြင့် အသက်မွေးကြသည် မဟုတ်သောကြောင့် ပညာသင်၊ စာသင်ပေးနိုင်သော အခြေအနေ မဟုတ်သော်လည်း ပညာသင်သူ၊ စာသင်သူများကို ဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်းဖြင့် ပြည်သူပြည်သားကောင်းတာဝန်ကို ထမ်းဆောင်နိုင်ကြပါသည်။ဤသို့သောနည်းဖြင့် မိမိတည်းဟူသော ဆီမီးတိုင်ကို မိမိတစ်ယောက်အတွက်၊ မိမိ မိသားစုတစ်စု အတွက်၊ မိမိ ပတ်ဝန်းကျင်တစ်ခုအတွက်မျှသာ မထွန်းလင်းဘဲ လောက၏နေရာအနှံ့အပြားတွင် အများအတွက် ထွန်းလင်းစေနိုင်မည်ဖြစ်ပါသည်။ဤသဘောကို ကျောင်းဆရာမဖြစ်သော ကျွန်မသည်ပင်လျှင် နှစ်ပေါင်းများစွာ မတွေးမိ၊ မမြင်မိ၊ သတိမပြုမိခဲ့ကြောင်း ဝန်ခံလိုပါသည်။

ကျွန်မအဖေသည် ပြည်နယ်မြို့ကြီးတစ်မြို့မှ အထက်တန်းပြ ဆရာဖြစ်ပါသည်။ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းတွင် ပင်ရင်း မြန်မာစာနှင့် စိတ်ကြိုက်မြန်မာစာ သင်ပါသည်။ မြန်မာစာပေကို သင်ကြားပို့ချရခြင်း ဖြစ်သောကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ကိုယ်ကျင့်တရား၊ လူမှုကျင့်ဝတ် အစရှိသော မြန်မာ့တန်ဖိုး၊ လူ့တန်ဖိုးများကိုပါ ဆက်စပ်သွန်သင်နိုင်ခဲ့ပါသည်။ ဆီမီးတစ်တိုင်မှသည် ဆီမီးတိုင်များစွာဖြစ်သော တပည့်များအား အလင်းရောင် ကူးစက်လင်းလက်စေနိုင်ခဲ့ပါသည်။ ဆရာမိဘစကားကို နားထောင်တတ်သော၊ လိုက်နာကျင့်သုံးတတ်သော ဖေဖေ့၏ တပည့်ကြီးများသည်လည်း တောက်ပသော ဆီမီးတိုင်များ ဖြစ်လာကြပါသည်။

ဖေဖေကွယ်လွန်ပြီးနောက် ဖေဖေ့ကျောင်းအတွက် မေမေနှင့် သားသမီးများက အလှူငွေပို့ပေးခဲ့ကြပါသည်။ ဖေဖေ့ တပည့်ကြီးများသည် ကျွန်မတို့၏ မများလှသောအလှူငွေကို သူတို့ထည့်ဝင်ငွေများနှင့် စုပေါင်းကာ ကျောင်းအတွက် Foundation တစ်ခုထူထောင်ကြပါသည်။ ငွေပင်ငွေရင်း တိုးပွားအောင် ကြိုးစားကြပါသည်။ အကျိုးအမြတ်ငွေဖြင့် စာကြိုးစားသူ၊ စာတော်သူ၊ စာကြိုးစားချင်သူ၊ စာတော်ချင်သူ၊ ပညာတတ်စာတတ်ချင်သူ ကျောင်းသူကျောင်းသားများအား စနစ်တကျ ပံ့ပိုးကြပါသည်။

ထူးချွန်သူများကို လစဉ် ဂုဏ်ပြုငွေချီးမြှင့်ပါသည်။ ချီးမြှင့်ငွေသည် ထောင်ဂဏန်းမျှသာ ဖြစ်သော်လည်း ကလေးများအား စိတ်ဓာတ်တက်ကြွ ပျော်ရွှင်စေပါသည်။

စာသင်နှစ်ဟောင်းကုန်ဆုံးချိန်နှင့် စာသင်နှစ်သစ်စာမေးပွဲ နီးချိန်များတွင် တက္ကသိုလ်ဝင်တန်းအတွက် စာသင်ဝိုင်းများ စီစဉ်ပေးကြပါသည်။ အငြိမ်းစားဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများ၊ စာသင်ကောင်းသူများ၊ စာသင်တတ်သူများက ဝိုင်းဝန်းကူညီသင်ကြားပေးကြပါသည်။ ကြိုးစားသူ၊ ငွေကြေးမတတ်နိုင်သူ၊ ပညာတတ်ချင်သူ၊ စာတတ်ချင်သူ ကျောင်းသူကျောင်းသားများအတွက် ထိရောက်လှသော အစီအစဉ်ဖြစ်ပါသည်။ ကျောင်း၏ အောင်ချက်ပိုကောင်းလာပါသည်။ ဂုဏ်ထူးရသူ အရေအတွက် ၊ ဂုဏ်ထူးအရေအတွက် ပိုများလာပါသည်။ ဖေဖေ ကူးစက်ထွန်းညှိ ပေးခဲ့သော ဆီမီးတိုင်များက ဆက်လက်ကူးစက် ထွန်းညှိပေးခဲ့ကြခြင်း ဖြစ်ပါသည်။

ကျောင်းသူကျောင်းသားများအား ကိုယ်တိုင်စာသင်ပေးနိုင်မှသာ ပညာဆီမီးကို ထွန်းညှိပေးနိုင်ခြင်းမဟုတ်ပါပေ။ မိမိတို့အား ပညာပေးခဲ့သော၊ ချမ်းသာကိုဆောင်စေခဲ့သော၊ လူ့လောကတွင် တင့်တယ်စေခဲ့သော မိမိတို့၏ ငယ်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ငယ်များ၏ ပညာရေးအတွက် အဓိပ္ပာယ်ရှိရှိ ထိထိမိမိ အထောက်အကူပြုခြင်းသည် ပညာဆီမီးတိုင်၊ ဘဝဆီမီးတိုင်၊ လောကဆီမီးတိုင်၊ အနာဂတ်နိုင်ငံတော်၏ ဆီမီးတိုင်များကို ထွန်းလင်းစေခြင်းပင်ဖြစ်ပါသည်။

ဘင်္ဂလားပင်လယ်အော်မှ ဒေါသတကြီးဖြင့် ဝုန်းဒိုင်းကြဲဝင်ရောက်လာသော မုန်တိုင်းကြီးကြောင့် ကျွန်မတို့နှင့် ဘဝအဆက်ဆက်က အဆွေအမျိုးမိတ်ဆွေသင်္ဂဟ တော်စပ်ခဲ့ကြသော ကျွန်မတို့၏ ပြည်သူမြောက်မြားစွာသည် အသက်စည်းစိမ်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ကြရပါသည်။ ထိတ်လန့်တုန်လှုပ်စွာ အသက်သေဆုံးခဲ့ကြရသူများအတွက်လည်းကောင်း၊ လင်သေ၊ သားဆုံး၊ ဇနီးဆုံး၊ မိဘဆွေမျိုးများ ဆုံးရှုံးခဲ့ရသော ကျန်ရစ်သူများ၏ စိတ်နှလုံးထိခိုက် ပူဆွေးမှုများအတွက်လည်းကောင်း ကျွန်မတို့ ဝမ်းနည်းကြေကွဲကြရပါသည်။ စိတ်ထိခိုက်တုန်လှုပ်ကြရပါသည်။ ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်တကွ နိုင်ငံတကာမှ ပြည်သူများ၊ NGO အဖွဲ့များ၊ INGO အဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များသည် စေတနာအပြည့်အဝဖြင့် နေ့မအား၊ ညမနား မအိပ်မနေ လုပ်ဆောင်ကြပါသည်။ အရေးပေါ် ကယ်ဆယ်ရေး၊ နေရေး ထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပါသည်။ အရေးပေါ်အခြေအနေကို ထိန်းချုပ်နိုင်သည်နှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့ကြပါသည်။ မုန်တိုင်းသင့်ဧရိယာ နယ်ပယ်သည် ကျယ်ပြန့်လွန်းလှသည်နှင့်အမျှ အဆုံးအရှုံး အပျက်အစီး များပြားလှသောကြောင့် အိမ်ဆောက်ခြင်း၊ ရွာတည်ခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ကိရိယာများ၊ ရေလုပ်ငန်းခွင်သုံးကိရိယာများ ဖြည့်ဆည်းခြင်းစသော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၏ ထုထည်ပမာဏသည်လည်း အဆမတန် ကြီးမားလှပါသည်။

မုန်တိုင်းကြီး၏ သိမ်းကျုံးဖြိုလှဲမှုကြောင့် အခြေခံပညာသင် ကျောင်းပေါင်းများစွာသည်လည်း ပြိုလဲပျက်စီးကြရ၊ ရေတွင် မျောပါကြရပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် NGO အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များသည် အားနှင့်မာန်နှင့် ဝိုင်းကြဝန်းကြ ပြန်လည်တည်ဆောက်ပေးနေကြပါသည်။ ကျောင်းအဆောက်အအုံများစွာနှင့် ကျောင်းဆောင်အမိုးများ လှူဒါန်းကြခြင်း၊ ကျောင်းဝတ်စုံများ လှူဒါန်းကြခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကြခြင်းစသော ထုနှင့်ထည်နှင့်၊ အုံနှင့်ကျင်းနှင့် လှူဒါန်းကြသော သတင်းများကိုလည်း ကြားသိရသောကြောင့် ဝမ်းသာကြည်နူးကြရပါသည်။

သိပ္ပံမောင်ဝက ဆရာစော၏ **"တပေကုလား"** ရွာကျောင်းမှ **"ကျောင်းသားများအနက် နောင်နှစ်ပေါင်းလေးငါးဆယ် လွန်မြောက်လျှင် မြန်မာပြည်သမ္မတ မဖြစ်ဘူးဟူ၍ မည်သူပြောကြားနိုင်အံ့နည်း"**ဟု ပြောခဲ့ဖူးပါသည်။

ကျေးလက်တောရွာများမှ အခြေခံပညာမူလတန်းကျောင်းများတွင် နေခဲ့ကြသော ကျောင်းသားဟောင်းများ၊ အဆိုပါ ကျောင်းများက ထွန်းညှိပေးခဲ့သော ဆီမီးတိုင်များသည် မြန်မာနိုင်ငံတစ်လွှားနှင့် နိုင်ငံရပ်ခြား နေရာအနှံ့အပြားတွင် ရောက်ရှိနေကြမည် ဖြစ်ပါသည်။ ရာထူးရာခံကြီးမားသူများ၊ အဆင်ပြေချောမွေ့နေသူများ၊ ချမ်းသာကြွယ်ဝနေသူများ များစွာရှိနေ ကြမည်ဖြစ်ပါသည်။ ဖေဖေ၏ တပည့်ကြီးများကဲ့သို့ စေတနာအား ကောင်းသူ၊ သဒ္ဓါတရားထက်သန်သူ၊ ပိုမိုချမ်းသာကြွယ်ဝသူ၊ ပိုမို လုပ်ဆောင်နိုင်စွမ်းရှိသူများလည်း များစွာရှိနိုင်ပါသည်။ ဤသူများသည် မိမိတို့၏ ငယ်ဘဝမူလတန်းကျောင်းလေးက ထွန်းပေးခဲ့သော မိမိတို့၏ ဆီမီးတိုင်ကို ဆက်လက်ပွားများ ထွန်းညှိပေးနိုင်ကြသူများလည်း ဖြစ်ကြပါသည်။

မိမိရွာ မိမိကျောင်းများအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်း အနေဖြင့် လှူဒါန်းနေသူများ၊ နေရာအနှံ့အပြားမှ ကူညီပံ့ပိုးနေသူများ များစွာရှိကြသည်ဟုလည်း သိရှိရပါသည်။ ထိုမျှသာမကပါဘဲ ကျောင်းသားဟောင်း သူငယ်ချင်းများကို စုစည်းနိုင်သမျှ စည်းရုံးစုစည်းပြီး စုပေါင်းအားဖြင့် ငယ်ကျောင်းမှ သားငယ်သမီးငယ်များ၏ ရေရှည်ပညာရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးခြင်းပြုကြပါလျှင်မူ အလွန်ခရီးရောက်သော ပညာရေးအလှူကြီး ဖြစ်လာပါလိမ့်မည်။

ကလေးများ၏ ပညာရေး ခါးဆက်မပြတ်အောင်၊ ဘဝခါးဆက်မပြတ်အောင် ပညာတံတား၊ စေတနာတံတား ခင်းပေးခြင်း လည်း ဖြစ်ပါသည်။

ကလေးငယ်များ၏အနာဂတ်၊မိမိကျောင်း၏အနာဂတ်၊နိုင်ငံတော်၏ အနာဂတ်အတွက် ဆီမီးအလင်းရောင်ကို ဆက်လက်ပြန့်ပွားထွန်းညှိပေးခြင်းလည်း ဖြစ်ပါသည်။ ဤသို့သောနည်းဖြင့် ငယ်ကျောင်း၏ ကျေးဇူး၊ ငယ်ဆရာများ၏ ကျေးဇူးကို အကောင်းဆုံး၊ အမြတ်ဆုံး ပေးဆပ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

ငယ်ဆရာဆီမီးတစ်တိုင်က ထွန်းညှိပေးလိုက်သော ဆီမီးတိုင်များ၏ စုပေါင်းစေတနာအား၊ စုပေါင်းစွမ်းအားဖြင့် ဆီမီးတိုင်များစွာကို ဆက်လက်ထွန်းညှိပေးခြင်းအားဖြင့် ကလေးတစ်ဦးစီ၏ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ပုံရိပ်သွင်ပြင်ကို လင်းကျင်းလှပလာစေလိမ့်မည် ဖြစ်ပါကြောင်း စဉ်းစားဆင်ခြင်မိသမျှ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

"တစ်တိုင်ဆီမီး၊ မထိန်ညီးလည်း
ဆီမီးများစွာ၊ ပေါင်းစည်းကာလျှင်
ရောင်ဝါဖြန့်ကျင်း၊ နေ့အခင်းသို့
လင်းကျင်းဝင်းပ၊ မြန်မာ့ဘဝကို
အလှဖန်တီးကြပါစို့"။ ။

ငယ်ဆရာဆီမီးတစ်တိုင်က ထွန်းညှိပေးလိုက်သော ဆီမီးတိုင်များ၏ စုပေါင်းစေတနာအား၊ စုပေါင်းစွမ်းအားဖြင့် ဆီမီးတိုင်များစွာကို ဆက်လက်ထွန်းညှိပေးခြင်းအားဖြင့် ကလေးတစ်ဦးစီ၏ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ပုံရိပ်သွင်ပြင်ကို လင်းကျင်းလှပလာစေလိမ့်မည် ဖြစ်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရန်ကုန်(မန္တလေး ပင်လယ်ပြာမိသားစု)မှ မိခင်ကြီး ဒေါ်ကြွေအား အမှူးထား၍ သား၊ သမီးတစ်စုတို့က ကွယ်လွန်သူဖခင်ကြီး ဦးလေးမောင်အား ရည်စူးလျက် အလှူငွေကျပ် ငါးသိန်းကို ဒုတိယအကြိမ် ထပ်မံလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းနေ ဒေါ်မြင့်မြင့်ခင်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖန်းမော်မြို့ကွန်ပျူတာတက္ကသိုလ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ကချင်ပြည်နယ် ဗန်းမော်မြို့ ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။ (ဆက်သွယ်ရေး)

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၁၀ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူးက လူမှုရေး အသင်းအဖွဲ့ဝင်များအား စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင် များက သစ်ပင်များကို စိုက်ပျိုးကြပြီး ဗဟိုအတွင်းရေးမှူးသည် သစ်ပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ စိုက်ပျိုးသည့် အပင်များမှာ ခရေ၊ တမာ၊ ပိတောက်၊ ပျဉ်းကတိုးနှင့်ယမနေပင်တို့ဖြစ်ပြီး အပင် စုစုပေါင်း ၁၀၀၀ကိုစိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် မိုးမောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိုးမောက်မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုးမောက်မြို့ အော်တိုအိတ်ချိန်းတည်ဆောက်ရေး စီမံကိန်းအတွက် ဝန်ထမ်းများ မြို့တွင်းကေဘယ်လ်သွယ်တန်း ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ မိုးမောက်မြို့ အိတ်ချိန်းရုံး၌ အသစ်တပ်ဆင်လျက်ရှိသည့် အော်တိုအိတ်ချိန်း စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်မြို့ မဟာသဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်သို့ ရောက်ရှိကာ ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓမာအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေါ့ဖုန်းယန်မြို့ အောင်မင်္ဂလာမြို့ ဦးကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် ဒေါ့ဖုန်းယန်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေါ့ဖုန်းယန်မြို့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် နန်ဆန်ယန်ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် နန်ဆန်ယန်နှစ်ခြင်း ခရစ်ယာန် အသင်းတော်တွင် အသင်းတော် လေးခုမှ သင်းအုပ်ဆရာများ၊ ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အသင်းတော်လေးခုအတွက် ဆန်၊ ဆီများပေးအပ်လှူဒါန်းကာ ကျေးရွာပညာရေးတွင် အသုံးပြုရန်အတွက် စာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် ရွှေညောင်ပင်ကျေးရွာကျောင်းတိုက် ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေညောင်ပင်ကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဇင်မာဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေး သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၁၂ ဦးနှင့် သင်တန်းသူ ၁၈ ဦးတက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်နီနီဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေး သင်တန်းဖွင့်ပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမက(၆) ပုဇွန်တောင်၏ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၁ ရက်က ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်ဝင်း၊ မြို့နယ်ကျောင်း ကျန်းမာရေး ဆရာဝန် ဒေါ်ခင်လဲ့လဲ့ရှိန်နှင့် မြို့နယ်သွားကျန်းမာရေး ဆရာဝန် ဒေါ်ဦးဦးခိုင်တို့ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးကုသပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စံပါပဲ အပိုင်း(၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ခေတ်ကာလယခုဖြစ်လာရတဲ့ အမှုမှာ
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၂၀)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

✧ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သရက်သုံးပင်ကျေးရွာ လူထု သောက်သုံးရေအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံအခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ အခြေစိုက် UNOGကုမ္ပဏီတို့မှ လှူဒါန်းထားသည့် ရေသန့်စင်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မေးမြန်းသည်။

ဆက်လက်၍ ကျေးရွာရှိ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ စိုက်ပျိုးရေး လုပ်ငန်းကို ကြိုးစားဆောင်ရွက်ရန်၊ ရရှိလာသည့် ငွေကြေးကို စုဆောင်း၍ မိမိတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ ကျောင်းနေ အရွယ် ကလေးများအား ပညာတတ်စေရန် စာပေသင်ကြားနိုင်ရေး ဆောင် ရွက်ပေးကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ကျေးရွာရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သရက်သုံးပင်ကျေးရွာ၏ မြေအကျယ်အဝန်း၊ လေဘေးသင့်၍ အိုးအိမ်မဲ့ဖြစ်သွားသော ပြည်သူများအတွက် နေအိမ်များ ဆောက်လုပ်ပြီးစီးမှုနှင့် နေရာချထားပေးမှု၊ ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု၊ စားသုံးပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု၊ လယ်ယာလုပ်ငန်းတွင် မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် ကွမ်းခြံကုန်း-ဒေးဒရဲ ကားလမ်းမသို့ ဆက်သွယ်မည့် အရှည်ပေ ၃၃၅၀ ရှိ ကျေးလက်ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ အထွက်ကောင်းစပါးများ ပြောင်းလဲစိုက်ပျိုးရေး၊ နိုင်ငံတော်မှ အခြေခံကောင်းများ ထူထောင်ပေးထားပြီးဖြစ်၍ အလုပ်ကို ယခင်ကထက်ပိုမိုကြိုးစားလုပ်ရန်၊ ပင်ပင်ပန်းပန်းရှာဖွေရရှိလာသည့် ဝင်ငွေကို စုဆောင်းကြရန်၊ အလွယ်တကူ သုံးဖြုန်းမပစ်ရန်၊ ကျေးရွာအုပ်ချုပ်ရေး အကြီးအကဲမှ ဦးဆောင်စည်းရုံး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက သရက်သုံးပင်ကျေးရွာ ပြည်သူများအတွက် နို့မှုန့်ဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာစာကြည့်တိုက်အတွက် သုတ-ရသစာအုပ် ၆၅၀ တို့ကိုလည်းကောင်း ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် သရက်သုံးပင်ကျေးရွာ၌ တည်ဆောက်ပြီးစီးသွားသည့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ကျေးလက်ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ယာယီစာသင်ကျောင်းအတွင်း ကျောင်းသား၊ကျောင်းသူများအား စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းများကဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအား စာပေပညာသင်ကြားပေးရုံမက လိမ္မာယဉ်ကျေးသော၊ စည်းကမ်းရှိသော လူငယ်များဖြစ်အောင် ဆုံးမပဲ့ပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝစေရေးအတွက် စာဖတ်သည့် အလေ့အကျင့်ကောင်းများရှိရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေအိမ်ဝင်းများအတွင်း စိုက်ပျိုးထားသည့် တစ်ပိုင် တစ်နိုင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိမိတို့၏ လူမှုဘဝ မြင့်မားတိုးတက်ရေးအတွက် အလုပ်ကိုဝီရိယထားပြီး ကြိုးစား လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ စိုက်ပျိုးရေးအတွက် မလေးရှားနိုင်ငံ အခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ အခြေစိုက် UNOG ကုမ္ပဏီတို့မှ လှူဒါန်းထားသည့် လက်တွန်းထွန်စက်များနှင့် နွံများ၊ ရွှံ့များသည့် လယ်မြေများတွင် ထွန်ယက်နိုင်သည့် ရေဘဝဲလက်တွန်းထွန်စက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အရှည် ၁၅ မိုင် ခြောက်ဖာလုံရှိ ဒေးဒရဲ-ဖျာပုံ လမ်းပိုင်းအခြေအနေနှင့် မော်တော်ယာဉ်များ သွားလာနိုင်မှု အခြေအနေကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံ-ဘိုကလေးလမ်းပိုင်းနှင့် ဖျာပုံ-ကျိုက်လတ်လမ်းပိုင်းတို့၏ အခြေအနေနှင့် ယာဉ်များ သွားလာနိုင်ရေး အတွက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဖျာပုံမြို့နယ်အတွင်း လေဘေးသင့် ကျေးရွာများအတွက် လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှု၊ ဖျာပုံမြို့နယ်အတွင်း စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ဖျာပုံမြို့နှင့်ကျိုက်လတ်မြို့ရှိပြည်သူ့ဆေးရုံများ ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးရာသီတွင် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး လမ်းများကိုပြုပြင်ဆောင်ရွက်ရန်၊ လမ်းများရှိ တံ[...] ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူမျ[...]

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်[...] ဘိုကလေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရ[...] လမ်းပိုင်းအခြေအနေကို ရဟတ်ယာဉ်[...]

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချ[...] ၁၁ နာရီ ၃၅ မိနစ်တွင် ဖျာပုံခရိုင် ဘို[...]

ဆက်လက်၍ ဘိုကလေးမြို့ ကွပ်[...] အား ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် [...] ထူထောင်တည်ဆောက်ရေး ကြီးကြပ်[...] ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအေ[...] ပြန်လည် ထူထောင်တည်ဆောက်ရေး[...] အနေ၊ ကြိမ်ချောင်းကြီးကျေးရွာနှင့် စ[...] အိမ်ရာများ ရာခိုင်နှုန်းပြည့် တည်[...] ဒေါင့်ကြီး၊ သဲချောင်းနှင့် ပေချောင်း[...] ဆောက်လုပ်ရန်လှူဒါန်းမှု၊ ဘိုကလေးမြို့[...] များအလိုက် ကျေးလက်အိမ်ရာများ [...] ခုနှစ်မိုးစပါးလျာထား ၂၆၁၀၁၂ ဧက [...] စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးမျိုးများရရှိဖြန့်ဖြ[...] နှင့် စက်သုံးဆီများ ရရှိဖြန့်ဝေသုံးစွဲမှု၊ [...] ရရှိဖြန့်ဖြူးမှု၊ ဆန်ထောက်ပံ့ပေးအပ်[...] ဘိုကလေးလမ်းပိုင်း အခြေအနေ၊ ဘိုက[...] သစ်ပင်များစိုက်ပျိုးမည့်အခြေအနေ၊ [...] နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချ[...] လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေ[...] တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်[...] လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်[...] ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းအား[...]

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင် ကျေးရွာ ယာယီ စာသင်ကျောင်း ၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြှင့်တင်ပေးရန်၊ ကြိမ်ချောင်းကြီးကျေးရွ[...] ကျောင်းခွဲအား အခြေခံပညာအလယ်တ[...] ပေးရန်၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် [...] လုပ်တင်ပို့ ရောင်းချသူများအသင်းအ[...] များ ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်[...] ပေးခဲ့ပြီးဖြစ်ရာ စဉ်ဆက်မပြတ် စိုက်[...] သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရေ[...] ရန် တာဝန်ရှိသူများအား မှာကြားသည်[...]

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်[...] တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ ရောက်[...] တည်ဆောက်ထားသည့် ဒေးဒရဲတံတာ[...] များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြ[...]

တက်ရောက်[...]

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု[...] ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်၌ ကျ[...] ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေ[...] ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရော[...]

ရှေးဦးစွာ အမျိုးသားသဘာဝဘေး[...] ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချု[...] စကားပြောကြားရာတွင် ဒေးဒရဲမြို့န[...] အတွက် မူလရေလုပ်ငန်းများ ပြန်လည်[...] ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာမျ[...] ပေးအပ်ခြင်း ဖြစ်၍ယခုဆိုလျှင် ရေလုပ်[...] ဖြည့်ဆည်းပေးမှုမှာ အတော်အသင့် ပြ[...]

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာ စိုက်ပျိုးရေးအတွက် မလေးရှားနိုင်ငံ အခြေစိုက် Rimbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံအခြေစိုက် UNOG ကုမ္ပဏီတို့မှ လှူဒါန်းထားသည့် နွံများ၊ ရွှံ့များသည့် လယ်မြေများတွင် ထွန်ယက်နိုင်သည့် ရေဘဝဲ လက်တွန်းထွန်စက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဒေးဒရဲမြို့နယ် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ရေလုပ်သားများအား ထောက်ပံ့ပေးအပ်မည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။
(သတင်းစဉ်)

ကိုပြုပြင်ဆောင်ရွက်ရန်၊ လမ်းများရှိ တံတားများ ကြံ့ခိုင်မှုရှိရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ခရီးလမ်းရှိ ဖျာပုံ-ဘိုကလေး လမ်းပိုင်းအခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ဖျာပုံခရိုင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ကြီးကြပ်ကွပ်ကဲနေသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့နယ်အတွင်း ပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ၊ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့၌ ကျေးလက်အိမ်ရာများ ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ အလှူရှင်များက ဒေါင့်ကြီး၊ သဲချောင်းနှင့် ပေချောင်းကျေးရွာတို့၌ အဆောက်အအုံများ ဆောက်လုပ်ရန်လှူဒါန်းမှု၊ ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့်ဒေသများအလိုက် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမှု၊ ၂၀၀၈-၂၀၀၉ ခုနှစ်မိုးစပါးလျာထား ၂၆၁၀၁၂ ဧက ထက်ကျော်လွန်၍ ၂၆၃၂၇၁ ဧက စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးမျိုးများရရှိဖြန့်ဖြူးပေးခဲ့မှု၊ လက်တွန်းထွန်စက်များနှင့် စက်သုံးဆီများ ရရှိဖြန့်ဝေသုံးစွဲမှု၊ ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေများ ရရှိဖြန့်ဖြူးမှု၊ ဆန်ထောက်ပံ့ပေးအပ်မှု၊ ဆက်သွယ်ရေးစနစ်၊ ဖျာပုံ-ဘိုကလေးလမ်းပိုင်း အခြေအနေ၊ ဘိုကလေးဒီရေတောနှင့် လေကာတန်းသစ်ပင်များစိုက်ပျိုးမည့်အခြေအနေ၊ တာတမံများ ပြုပြင်ပြီးစီးမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်

မြှင့်တင်ပေးရန်၊ ကြိမ်ချောင်းကြီးကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ ဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်ရေး မျိုးစေ့များ လှူဒါန်းဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ရာ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ ရောက်ရှိကြပြီး တိုးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဒေးဒရဲတံတား၏ ကြံ့ခိုင်မှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်အားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်၌ ကျင်းပသည့် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ဒေးဒရဲမြို့နယ်ရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် မူလရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် လိုအပ်သော ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများကို ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်း ဖြစ်၍ယခုဆိုလျှင် ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ပံ့ပိုးဖြည့်ဆည်းပေးမှုမှာ အတော်အသင့် ပြည်စုံမှုရရှိနေပြီဖြစ်ကြောင်း။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုးစားလုပ်ကိုင်

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ စေတနာရှင်၊ အလှူရှင်များ၏ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် စီမံဖြည့်ဆည်းပေးထားပြီးဖြစ်၍ မိမိတို့၏စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်သွားကြရန် ဖြစ်ကြောင်း။

မိမိတို့ပတ်ဝန်းကျင်တွင် သဘာဝအခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်လျှင် လုပ်ကိုင်သလောက် အကျိုးဖြစ်ထွန်းမှုရရှိမှာဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းကရရှိသော သင်ခန်းစာအပေါ် အခြေခံပြီး ယခင်က ဖြစ်သလိုနေ၊ ဖြစ်သလိုစားသောက်ခဲ့သည့် စိတ်ဓာတ်ကို ပယ်ဖျောက်ကာ အလုပ်ကိုကြိုးစားပြီး ရရှိသည့်ဝင်ငွေကို စနစ်တကျ စုဆောင်း၍ မိမိတို့၏ လူမှုဘဝ ကောင်းသည်ထက်ကောင်းအောင်၊ မြင့်မားသည်ထက်မြင့်မားအောင် အဆင့်အတန်းမြင့်မြင့်နေထိုင်နိုင်အောင် အလုပ်ကို ကြိုးစားလုပ်လိုသည့် စိတ်ဓာတ်၊ အမူအကျင့်များ ဖြစ်ပေါ်လာအောင် တာဝန်ရှိသူများကလည်း ကျေးရွာအဆင့်အထိ ကွင်းဆင်း၍ စည်းရုံးဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းအတွင်း သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် ရေလုပ်သားများ မိမိတို့၏ ရေလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် လုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ငါးဖမ်းစက်လှေအစင်း ၂၉၀ နှင့် ငါးဖမ်းကိရိယာအရေးအတွက် စုစုပေါင်း ၂၇၀၀တို့ကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှနေ၍ တိုးမြစ်အတွင်း ငါးဖမ်းစက်လှေများ၏ စမ်းသပ်သရုပ်ပြမောင်းနှင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင် ဝန်းကျင်တွင် ခင်းကျင်းပြသထားသည့် မြင်းကောင်ရေ ၆ဒသမ၅ ရှိ ဒိုရမ်း အမျိုးအစား ဓာတ်ဆီအင်ဂျင်စက်များ၊ ငါးဖမ်းပိုက်မျိုးစုံ၊ ရင်တွန်းပိုက်၊ အလျား ၂၁ ပေ၊ ရေစူး ၁၉ လက်မနှင့် ဝမ်းအကျယ် ၃၂ လက်မရှိ သစ်သားကိုယ်ထည် ငါးဖမ်းစက်လှေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲတံတားအနီးရှိ ဒေးဒရဲမြို့ လေဘေးသင့် ပြည်သူများအတွက် ဖိုးရာဇာကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့် မိသားစုများအား နေရာချထားပေးမှု၊ လမ်းများပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းသည် ယခုနှစ်တွင် သက်တမ်း (၁၅)နှစ်ပြည့်မြောက်ပြီဖြစ်၍ လာမည့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် (၁၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် ပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ရက်သတ္တတစ်ပတ်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ အခမ်းအနား၌ ပြပွဲ ပြိုင်ပွဲ၊ ပျော်ပွဲရှင်ပွဲ ၁၉ မျိုးနှင့် ဈေးရောင်းပွဲတော်၊ ဓာတ်ပုံပြိုင်ပွဲ စသည်တို့ ပါဝင်မည်ဟုသိရသည်။

ထို့အပြင် မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်းက ကြီးမှူး၍ သစ်သီးအလှပုံဖော်ခြင်း (Fruit Curving) သင်တန်းကို ဩဂုတ်၂၇ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိလည်းကောင်း၊ ပန်းဥယျာဉ် တည်ဆောက်ခြင်းနှင့် မြေယာရှုခင်း ပြုပြင်မှု (Gardening & Land-scapping) သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၂၆ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ လည်းကောင်း သင်တန်းသား၊ သင်တန်းသူ၅၀စီဖြင့်ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ်သစ်သီးအလှပုံဖော်ခြင်း သင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ငွေကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက်ငွေကျပ် ၈၀၀၀၊ ပန်းဥယျာဉ် တည်ဆောက်ခြင်းနှင့် မြေယာရှုခင်း ပြုပြင်မှု သင်တန်းတွင် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ငွေကျပ် ၁၅၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၁၇၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန်ဦးစီးဌာန အရာထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက် အရာထမ်းများ တွေ့ဆုံပွဲကို ဩဂုတ် ၁၆ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ရုံးချုပ် စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနရှိ လက်ထောက် ညွှန်ကြားရေးမှူးနှင့် အထက် အရာထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီမံခန့်ခွဲရေးအဆင့် အရာထမ်းများဖြစ်ကြသည်နှင့်အညီ တာဝန်ဝတ္တရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး အလေးထားကြိုးပမ်းကြရန်၊ ဝန်ထမ်းအဆင့်အတန်းအလိုက် အရည်အချင်း ပြည့်မီစေရေးကို စီမံခန့်ခွဲရေးအဆင့် အရာထမ်းများက ကြီးကြပ်ဆောင်ရွက်သွားကြရန် စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနခွဲအလိုက် ဖွဲ့စည်းပုံ၊လုပ်ငန်းတာဝန်ဝတ္တရားများ၊ ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့



ဩဂုတ်၃ရက်က တောင်ကြီးအသင်း(ရန်ကုန်)(၁၄)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တောင်ကြီးအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုင်းစံအိုက်က အထက(၂) ဗဟန်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်နေတက်ထွန်းအား ဂုဏ်ပြုဆုငွေနှင့်ဖလား ချီးမြှင့်စဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးအစီအစဉ်ကို ရုရှားသမ္မတ လက်မှတ်ရေးထိုး

တီဘီလီစီ ဩဂုတ် ၁၆

ဥရောပသမဂ္ဂက ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်နှင့် ညှိနှိုင်းရေးဆွဲထားသော အချက်ခြောက်ချက်ပါ အစီအစဉ်ကို ရုရှား-ဂျော်ဂျီယာ ပြဿနာနှင့် သက်ဆိုင်သူနှစ်ဖက်စလုံးက စနေနေ့တွင် လက်မှတ်ရေးထိုးပြီးကြောင်း ကရင်မလင်က ကြေညာသည်။ ဂျော်ဂျီယာသမ္မတ မီးခေးလ်ဆာကာရှီဗလီသည် အဆိုပါ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပြီး နောက်နေ့တွင် ရုရှားသမ္မတမက်ဒီဒက်ဗ်က လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ထိုအစီအစဉ် ပေါ်ထွက်လာရေးအတွက် ဥရောပသမဂ္ဂကိုယ်စား ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။

ကရင်မလင်၏ ကြေညာချက် မထွက်လာမီအချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဘာဘီလက်ရော့ဗ်နှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့ ဖုန်းပြောကြရာမှာ ရုရှားဝန်ကြီးက အချက်ခြောက်ချက်ပါ ထိုစာချုပ်ကို ဂျော်ဂျီယာက တစ်သဝေမတိမ်းလိုက်နာရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောဆိုခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ရှေ့မှောက်တွင် ဂျော်ဂျီယာသမ္မတက လက်မှတ်ရေးထိုးခဲ့သော အစီအစဉ်စာရွက်များကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ အမေရိကန် ပြည်ထောင်စုက ဖက်စ်ဖြင့် ပို့ပေးခဲ့သည်။

ယခုသဘောတူညီချက်သည် ငြိမ်းချမ်းရေးဖြေရှင်းချက် မဟုတ်ဘဲ တိုက်ပွဲများရပ်ဆိုင်းရေးနှင့် နိုင်ငံရေးအရ အဖြေရှာရန် လမ်းကြောင်းအတွက် တရားဝင် အခြေခံအချက်အလက်များ ဖော်ဆောင်ပေးခြင်းသာဖြစ်သည်ဟုဆိုသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အဆိုပါ အခြေခံအချက် ခြောက်ချက်ကို တရားဝင် အသိအမှတ်ပြုသည်။

ထိုခြောက်ချက်မှ တစ်ခုသည် ပြီးခဲ့သည့်အပတ်ဂျော်ဂျီယာ၏တောင်ပိုင်း အော်ဆက်တီးယားခွဲထွက်ဒေသပဋိပက္ခများမဖြစ်ပေါ်မီအချိန်က ရှိခဲ့သည့် အနေအထားအတိုင်း ရုရှားတပ်ဖွဲ့များသည် ပြန်လည်ဆုတ်ခွာပေးရန်ဖြစ်သည်။

အခြားအချက်များမှာ ဦးဆောင်သူများအကြား အကြမ်းဖက်မှုကို အားကိုးအားထားပြု၍ မဖြေရှင်းရန်၊ ရန်လိုမှု များရပ်ဆိုင်းရန်၊ လူသားချင်း စာနာထောက်ထားသော အကူအညီများကို ခွင့်ပြုရန်၊ ဂျော်ဂျီယာတပ်ဖွဲ့များအား ၎င်းတို့၏ စစ်စခန်းများကို ပြန်လည်ပေးအပ်ရန်နှင့် တောင်ပိုင်းအော်ဆက်တီးယားနှင့် အက်ခါဇီယာဒေသများ တည်ငြိမ်ရေးနှင့်လုံခြုံရေးအတွက်နည်းလမ်းများကို နိုင်ငံတကာမှ ပါဝင်ဆွေးနွေးရေးကို ဖွင့်ပေးရန်တို့ဖြစ်သည်။ ***အင်တာနက်။***

ပိုလန်နိုင်ငံတောင်ပိုင်း ချက်စတိုချိုဝါမြို့အနီးရှိ ကာလင်နာကျေးရွာတွင် လေဆင်နှာမောင်း ပြင်းထန်စွာတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံတစ်ခုကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။
(ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူသုံးဦး သေဆုံးပြီး ၃၄ဦး ဒဏ်ရာရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဟန်ဂေရီနိုင်ငံတွင် ခရီးသည်တင်ရထားနှင့်ကား တိုက်မိ

ဘူဒါပက် ဩဂုတ် ၁၇

ဟန်ဂေရီနိုင်ငံ မြောက်ပိုင်းရှိ ရိုင်နိုယက်စ်ဒေသအနီးတွင် ကြာသပတေးနေ့ မွန်းလွဲပိုင်းက ခရီးသည်တင်ရထားနှင့် မော်တော်ယာဉ်တစ်စီးတို့ တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးစလုံး သေဆုံးခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဖြစ်ပွား

မော်တော်ယာဉ်သည် မီးရထားလမ်းဆုံတစ်ခုအား ဖြတ်ကျော်ရန်ကြိုးပမ်းစဉ် ယင်းသို့တိုက်မိခြင်းဖြစ်ပြီး မီးရထား၏အင်ဂျင်ဖြင့် ချိတ်မိကာ ၎င်းမော်တော်ယာဉ်သည်မီတာတစ်ရာအကွာအဝေးထိ ပါသွားခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရရှိသူများသည် မိသားစုဝင်များဖြစ်ပြီး နှစ်ဦးမှာအသက် ၁၉ နှစ်ဝန်းကျင်ဖြစ်ပြီး သုံးဦးမှာ ဆယ်ကျော်သက်အရွယ် ယောက်ျားလေးများဖြစ်ကြောင်းနှင့် ငါးဦးအနက်တစ်ဦးမှာ အရေးပေါ် ကယ်ဆယ်ရေးပြု လုပ်နေချိန်ထိ အသက်ရှင်လျက်ရှိသော်လည်း ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားစဉ် လမ်း၌ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ မြောက်ကိုတာဘက်တို ပြည်နယ်တွင် အစိုးရတပ်ဖွဲ့နှင့် သူပုန်များအကြား တိုက်ခိုက်မှု ဖြစ်ပွားခြင်းကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည့်ဒုက္ခသည်များအား ပစ်ကစ်ဒေသရှိ အစိုးရ ကယ်ဆယ်ရေးစခန်း၌ ဩဂုတ် ၁၄ ရက်က ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဆန်နှင့်အစားအစာများ ဝေငှပေးစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ ၁၀ ရက်ကြာ စစ်ဆင်ရေးဆင်နွှဲ စစ်သွေးကြွ ၄၆၂ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၁၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် ပါကစ္စတန်စစ်ဘက်မှ ၁၀ ရက်ကြာ စစ်ဆင်ရေးပြုလုပ်ရာတွင် စစ်သွေးကြွ ၄၆၂ ဦး သေဆုံးကြောင်း သောကြာနေ့တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဘာဂျာလူမျိုးစုဒေသတွင် စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၂၂ ဦးလည်း သေဆုံးကြောင်း ဖဂွန်တီရာပြည်နယ် အနောက်မြောက်ဘက်ဒေသ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

စစ်ဘက်ယာဉ်တန်းကို စစ်သွေးကြွများက ချုံခိုတိုက်ခိုက်ပြီးနောက် ဩဂုတ် ၆ ရက်၌ ဘာဂျာလူမျိုးစုဒေသရှိ ပြည်တွင်းစစ်သွေးကြွများကို ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေး စတင်ပြုလုပ်ခဲ့သည်။

ယင်းဒေသရှိ ပြည်သူထောင်ပေါင်းများစွာ အိုးအိမ်စွန့် ထွက်ပြေးခဲ့ရကြောင်း သတင်းထောက်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး ပစ်ခတ်ခံရ၍ သေဆုံး

ကဘူးလ် ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဩဂုတ် ၁၅ရက်က တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ သောင်းကျန်းသူများ ပစ်ခတ်မှုကြောင့် နေတိုးဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ပြောကြားသည်။

နိုင်ငံခြားတပ်ဖွဲ့များကို တိုက်ထုတ်ရန်နှင့် အာဖဂန်အစိုးရကို ဖြုတ်ချရန်အတွက် တာလီဘန်စစ်သွေးကြွများသည် အသေခံဗုံးများနှင့် လမ်းဘေးဗုံးများဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း အကြမ်းဖက်မှု တိုးမြင့်လာခဲ့သည်။

ပူးပေါင်းအဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးသည့် တပ်ဖွဲ့ဝင်၏ နိုင်ငံကို ထုတ်ဖော်ပြောကြားခြင်း မရှိချေ။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့အများစုသည် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ အသေခံဗုံးခွဲ တိုက်ခိုက် ၁၉ ဦး သေဆုံးပြီး ၇၅ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ အစ်ကန်ဒါရီယာမြို့အနီးတွင် ဩဂုတ် ၁၅ ရက်က အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် လူ ၁၉ ဦး သေဆုံးပြီး ၇၅ ဦး ဒဏ်ရာရရှိကြောင်း၊ သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှီးယိုက်ဝတ်ပြုခရီးသွားများသည် ကာဘာလာမြို့ရှိ ရှီးယိုက်ဘာသာရေးပွဲသို့သွားရန် ဆွန်နီအာရပ်မြို့များနှင့် ကျေးရွာကိုဖြတ်၍ ခြေလျင်ခရီးထွက်လာစဉ် အသေခံဗုံးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဆာအက်ခရိုင်၌ ဩဂုတ် ၁၆ ရက်က ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှား၌ ရထားနှစ်စင်းတိုက်မိ ရှစ်ဦးသေဆုံး

ဂျကာတာ ဩဂုတ် ၁၆

အင်ဒိုနီးရှားနိုင်ငံ ဆုမားတြားကျွန်းရှိ လမ်ပေါင်ပြည်နယ်တွင် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရထားနှစ်စင်း တိုက်မှုဖြစ်ပွားရာ လူရှစ်ဦး သေဆုံးပြီး ၃၂ ဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း ပြည်နယ်မီးရထားဌာန၏ တာဝန်ရှိသူက ပြောကြားသည်။

တောင်ဘက် လမ်ပေါင်ပြည်နယ် တာရာဟန်မြို့မှ ကျောက်မီးသွေးတင်ရထားနှင့် တောင်ဆုမားတြားပြည်နယ် ပါလင်ဘန်မြို့မှ ခရီးသည်ရထားတို့ ကီဒါတန်မြို့ လာဘန်ရုတူဘူတာရုံအနီး၌ နံနက် ၇ နာရီခွဲ အချိန်က တိုက်မိကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ရလဒ်များ

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲများမှ ယနေ့ ထွက်ပေါ်လာသည့် ရလဒ်များမှာ-

အမျိုးသမီးမာရသွန်

ရွှေ - ကွန်စတန်တီနာတိုမက်စ်ကူ(ရိုမေးနီးယား) ၂နာရီ၊ ၂၆မိနစ်၊ ၄၄စက္ကန့်
ငွေ - ကက်သရင်းအန်ဒီစိုးဘာ(ကင်ညာ) ၂နာရီ၊ ၂၇မိနစ်၊ ၀၆စက္ကန့်
ကြေး - ဇူချင်းစီ(တရုတ်) ၂နာရီ၊ ၂၇မိနစ်၊ ၀၇စက္ကန့်

အမျိုးသားမီတာ ၁၀၀ ပြေးပွဲ

ရွှေ - အူစိန်ဘော့တ်(ဂျမေကာ) ၉ ဒသမ ၆၉ စက္ကန့်
ငွေ - ရစ်ချတ်တွန်ဆန်(ထရီနီဒက်) ၉ ဒသမ ၈၉ စက္ကန့်
ကြေး - ဒစ်ဝေါလ်တာ(တိုဘာဂို) ၉ ဒသမ ၉၁ စက္ကန့်

အမျိုးသားဘောလုံးပြိုင်ပွဲ(ကွာတားဖိုင်နယ်)

၁။ နိုင်ဂျီးရီးယား ၂-၀ အိုင်ဗရီကို့စ်
၂။ အာဂျင်တီးနား ၂-၁ နယ်သာလန်
၃။ ဘယ်လ်ဂျီယံ ၃-၂ အီတလီ
၄။ ဘရာဇီး ၂-၀ ကင်မရွန်း

အမျိုးသမီးတင်းနစ် နှစ်ယောက်တွဲ ဗိုလ်လုပွဲ

ရွှေ - ဆရီနာဝီလျံ+ဗီးနပ်စ်ဝီလျံ(အမေရိကန်)
ငွေ - ဗာဂျီးနီးယားရူနိုပတ်စ်ကူလ်+အနာဘဲလ်မီဒိနာဂါရိဂူးစ်(စပိန်)

အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲ ဗိုလ်လုပွဲ

ရွှေ - ရှယ်လီအန်ဖရာဆာ(ဂျမေကာ) ၁၀ ဒသမ ၇၈ စက္ကန့်
ငွေ - ကာရွှန်စတီဝပ်(ဂျမေကာ) ၁၀ ဒသမ ၉၈ စက္ကန့်
ငွေ - ရှီရွှန်စင်ဆန်(ဂျမေကာ) ၁၀ ဒသမ ၉၈ စက္ကန့်

အမျိုးသားတင်းနစ် နှစ်ယောက်တွဲ ဗိုလ်လုပွဲ

ရွှေ - ရော်ဂျာဖက်ဒဲရား+စတာနစ်လပ်စ်ဝါရင်ကာ(ဆွစ်ဇာလန်)
ငွေ - စိမွန်အက်စ်ပီလင်+သောမတ်စ်ဂျိုဟန်ဆန်(ဆွီဒင်)
ကြေး - ဘော့+မိုက်ဘာယန်(အမေရိကန်)

အမျိုးသား မီတာ ၁၀၀၀၀ဗိုလ်လုပွဲ

ရွှေ - ကင်းနီးနီစာ ဘိကီလီ(အီသီယိုပီးယား) ၂၇မိနစ်၊ ၀၁. ၁၇စက္ကန့် (အိုလံပစ်စံချိန်)
ငွေ - စိုင်းရှိစီဟိုင်း (အီသီယိုပီးယား) ၂၇မိနစ် ၀၂. ၇၇စက္ကန့်
ကြေး - ကက်ကိုဂို(ကင်ညာ) ၂၇မိနစ် ၀၄. ၁၁စက္ကန့်

အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက် ဗိုလ်လုပွဲ

ရွှေ - ဗာလီရစ်ဘောချင်(ရုရှား) ၁နာရီ ၁၉မိနစ် ၀၁စက္ကန့်
ငွေ - ဂျက်ဖာဘန်ပီရက်စ်(အီကွေဒေါ) ၁နာရီ ၁၉မိနစ် ၁၅စက္ကန့်
ကြေး - ဂျာရက်တောလင့်(ဩစတြေးလျ) ၁နာရီ ၁၉မိနစ် ၄၂စက္ကန့်

အမျိုးသား မီတာ ၁၀၀ တွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော ဂျမေကာမှ အူစိန်ဘော့တ် အောင်ပွဲခံနေစဉ်။ *(အင်တာနက်)*

အမျိုးသားတင်းနစ် ဗိုလ်လုပွဲ

ရွှေ - ရာဖေးနာဒဲလ် (စပိန်)
ငွေ - ဖာနန်ဒိုဂွန်ဇာလက် (ချီလီ)
ကြေး - ဂျိုကိုဗစ် (ဆားဗီးယား)

အမျိုးသမီးတင်းနစ် ဗိုလ်လုပွဲ

ရွှေ - အီးနာဒိုင်ပင်းတိုင်ဗာ (ရုရှား)
ငွေ - ဒီနားရာဆာဖိနာ (ရုရှား)
ကြေး - ဇက်ဗိုနာရီးဗာ (ရုရှား)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

၁၇-၈-၂၀၀၈

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၃၅	၁၃	၁၃	၆၁
၂	အမေရိကန်	၁၉	၂၁	၂၅	၆၅
၃	ဗြိတိန်	၁၁	၆	၈	၂၅
၄	ဂျာမနီ	၉	၆	၆	၂၁
၅	ဩစတြေးလျ	၈	၁၀	၁၁	၂၉
၆	တောင်ကိုရီးယား	၈	၉	၅	၂၂
၇	ဂျပန်	၈	၅	၇	၂၀
၈	ရုရှား	၇	၁၂	၁၂	၃၁
၉	အီတလီ	၆	၆	၆	၁၈
၁၀	ယူကရိန်း	၅	၃	၆	၁၄

၂၀၀၈ ပေကျင်း အိုလံပစ်တွင် ရွှေတံဆိပ်ရှစ်ခုရှင် ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ်စ်ကို ၎င်း၏ ဆုရရှိမှုဇယားနှင့် အတူတွေ့ရစဉ်။ *(အင်တာနက်)*

ပေကျင်းအိုလံပစ် တစ်ဦးချင်းရွှေတံဆိပ် အများဆုံးရရှိသူ

ပေကျင်း ဩဂုတ် ၁၇

အမေရိကန်မှ ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ်စ်သည် မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်သောကြောင့် ပေကျင်းအိုလံပစ်တွင် ရွှေတံဆိပ်အများဆုံးရရှိသူအဖြစ် ထိပ်ဆုံး၌ ရှိနေပြီး အိုလံပစ်သမိုင်းတွင်လည်း ရွှေတံဆိပ်စုစုပေါင်း ၁၄ခုဖြင့် အအောင်မြင်ဆုံး အားကစားသမားအဖြစ် သမိုင်းဝင်သွားပြီဖြစ်သည်။

အားကစားပြိုင်ပွဲ တစ်ပွဲတည်းမှ ရွှေတံဆိပ် ခုနစ်ခုရရှိထားသော အမေရိကန်ရေကူးသမား မာ့ခ်စပစ်ဇ်၏ စံချိန်ကို ဖဲလ်စ်က ရှစ်ခုဖြင့် ချိုးလိုက်နိုင်ပြီဖြစ်သည်။

မိုက်ကယ်ဖဲလ်စ်၏ အဖွဲ့သည် မီတာ ၄၀၀ လက်ဆင့်ကမ်း အလွတ်ကူးပြိုင်ပွဲတွင် ၃း၂၉. ၃၄ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ ငွေတံဆိပ်ဆုကို ဩစတြေးလျကလည်းကောင်း၊ ကြေးတံဆိပ်ကို ဂျပန်ကလည်းကောင်း ရရှိသည်။ ***အင်တာနက်။***

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပရီမီယာလိဂ်ရာသီစတင် ချန်ပီယံမန်ယူ ပွဲဦးသရေကျ

လန်ဒန် ဩဂုတ် ၁၇

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ရာသီအဖွင့်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည်။ ပွဲစဉ်အနိုင်/အရှုံးရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

အာဆင်နယ်	-	**ဝက်စ်ဘရွန်း**	(၁း၀)
အက်စ်တန်ဗီလာ	-	**မန်စီးတီး**	(၄း၂)
ဘော်လ်တန်	-	**စတုတ်**	(၃း၁)
ချယ်လ်ဆီး	-	**ပို့စ်မောက်**	(၄း၀)
ဘလက်ဘန်း	-	**အဲဗာတန်**	(၃း၂)
ဟူးလ်စီးတီး	-	**ဖူလ်ဟမ်**	(၂း၁)
မန်ယူ	-	**နယူးကာဆယ်**	(၁း၁)
မစ်ဒယ်ဘရော့	-	**စပါးစ်**	(၂း၁)
လီဗာပူး	-	**ဆန်းဒါးလန်း**	(၁း၀)
ဝက်စ်ဟမ်း	-	**ဝီဂန်**	(၂း၁)

အင်တာနက်။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၁၇

ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ ၁၂လက်မ၊ ကျောက်ဖြူမြို့တွင် ၅ဒသမ၀၄လက်မ၊ ခန္တီးမြို့တွင် ၃ဒသမ ၇၀လက်မ၊ စစ်တွေမြို့တွင် ၃ဒသမ၁၉လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၇၂လက်မ၊ ဂွမြို့တွင် ၂ဒသမ၄၈ လက်မ၊ မောင်တောမြို့တွင် ၂ဒသမ၂၈လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ၀၃လက်မ၊ ပြည်မြို့တွင် ၁ဒသမ၄၉လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ဒသမ၄၂လက်မနှင့် ရေးမြို့တွင် ၁ဒသမ၃၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၁၈ရက် ညနေထိ ခန့်မှန်းချက်။ ။ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၁၆-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)၁၇-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၁ ရာခိုင်နှုန်း ၁၇-၈-၂၀၀၈
နေပူသည့်နာရီပေါင်း ၂ ဒသမ ၉နာရီခန့် ၁၆-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၇-၈-၂၀၀၈	မရှိပါ	၁မမ (၀ဒသမ၀၄လက်မ)	မရှိပါ
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၉၀၀မမ (၇၄ဒသမ၈၀လက်မ)	၂၁၅၇မမ (၈၄ဒသမ၉၂လက်မ)	၂၅၅၃မမ (၁၀၀ဒသမ၅၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၈-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ချင်းတွင်းမြစ်ရေ အခြေအနေ

(၂၀၀၈ခုနှစ် ဩဂုတ်လ ၁၇ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၁၃၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀ သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

ထို့ပြင် ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၂၇၇၆စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

အလားတူ မော်လိုက်မြို့တွင် စင်တီမီတာ ၁၁၉၀နှင့် ကလေးဝမြို့တွင် ၁၅၁၈ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ နှင့် စင်တီမီတာ ၁၅၅၀ များ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ထို့အတူ မုံရွာမြို့တွင် ၉၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပုသိမ်မြို့နယ် ထော်လာဂျီ Farm Truck ယာဉ်များအသင်းဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၁၇

ဧရာဝတီတိုင်း ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ၏ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ညွှန်ကြားချက်နှင့်အညီ ပုသိမ်မြို့နယ် ထော်လာဂျီ (Farm Truck) ယာဉ်များအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ဩဂုတ် ၅ ရက်တွင် ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်း မထသရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ တိုင်းမော်တော်ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး ဇော်ဝင်း၊ တိုင်းမထသ ဥက္ကဋ္ဌ ဦးစိုးကြိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ရင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂျွန်ရပ်စ်သောင်း**(အောက်ဝဲပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ထော်လာဂျီ (Farm Truck)ယာဉ်ပိုင်ရှင်များက ဥက္ကဋ္ဌ ဦးကျော်စွာမြင့်၊ ဘဏ္ဍာရေးမှူး ဦးကျော်စိန်၊ စာရင်းစစ် ဦးစိုးလေး၊ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ အတွင်းရေးမှူး ဦးလှဝင်းတို့ပါဝင်သော ပုသိမ်မြို့နယ် ထော်လာဂျီ (Farm Truck) ယာဉ်များ အသင်းကို ဖွဲ့စည်းလိုက်သည်။

(သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက်လုံးဆိုင်ရာ မိသားစုများ၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၆ရက်က ဝေဇယန္တာလမ်း ဗုဒ္ဓသာသနာ့ဟိတကာရီ ဓမ္မာရုံကြီး၌ကျင်းပရာ ကျောင်းတိုက်ငါးတိုက်မှ ဆရာတော် သံဃာတော်များအား ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဓမ္မာရုံအဖွဲ့ အတွင်းရေးမှူး ဦးဝဏ္ဏစိုးနှင့် နိဗ္ဗာန်ဆော် လူငယ်များအဖွဲ့၊ အောင်ရတနာ အထူးကုဆေးခန်းမှ အလှူရှင်များနှင့် ရပ်ကွက်အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၀၆)

ရန်ကုန်တိုင်း အတွင်းမုန်တိုင်းဒဏ် ခံခဲ့ရသော ကွမ်းခြံကုန်းမြို့ရှိဘုန်းတော်ကြီးကျောင်းများသို့ အမက(၇) တာမွေမှ ကျောင်းသားမိဘများဖြစ်ကြသော ဦးသန့်စင်ထွန်း၊ ဒေါ်ခင်ချစ်ဝင်း၊ သား မောင်သုတစံ၊ သမီး မရွှန်းလဲ့ဝန်း မိသားစုနှင့် ကျောင်းသား၊ကျောင်းသူများ စုပေါင်း၍ ရွှေကျင်(ကျား) ကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်၌ ဝါဆိုသင်္ကန်းအစုံ ၅၀ နှင့် ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကြည် လင် ရှင်း သန့် ပီ အမ် ဂျီ သောက် ရေ သန့်

PMG MYANMAR DRINKING WATER

ငွေ (၁၀) သိန်းရှိတာနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပိုင်ဆိုင်နိုင်ပြီ။

PMG 20 Liter ရေသန့်သောက်သုံးသူများနှင့် အနီးစပ်ဆုံးဖြန့်ဖြူးရောင်းချနိုင်ရန်
Condo/ လမ်း/ ရပ်ကွက်/ မြို့နယ်အလိုက် တာဝန်ယူရောင်းချပေးမည့်
ကိုယ်စားလှယ်သစ်များ အမြန်ဆက်သွယ်ပါ။

MYANMAR DRINKING WATER 20 Liter
TEL: 538412, 526196

နီးစပ်ရာကိုယ်စားလှယ်များထံတွင်ဝယ်ယူအားပေးသောက်သုံးနိုင်ပါသည်။

ရွှေရည်ဦး	၅၇၁၈၃၆	အမှတ်(တီ-၁၂)၊အောင်ရတနာအိမ်ရာ၊သံသုမာလမ်း၊	သယ်န်းကျွန်းမြို့နယ်
ဦးစိန်ရွှေ	၂၂၉၉၉၂	အမှတ်(၆၀)၊ပန်းလှိုင်လမ်း၊	ကြည့်မြင်တိုင်မြို့နယ်
အောင်သပြေ	၅၇၀၄၇၆	အမှတ်(၁၁၁)၊သံသုမာလမ်း၊	တောင်ဥက္ကလာပမြို့နယ်
မြရေစင်	၀၉-၅၀၁၀၇၇၄	အမှတ်(၄၁)၊စီ(၁)၊မဟာမြိုင်အိမ်ရာ၊	မြောက်ဒဂုံမြို့နယ်
ဝမ်းအိုဝမ်း	၂၉၀၇၈၂	အမှတ်(၁၀၅)၊(၁၀၁)လမ်း၊	မင်္ဂလာတောင်ညွန့်မြို့နယ်
သီရိဒွံ	၀၉-၅၀၂၉၁၀၂	တိုက်(၆)၊အခန်း(အေ-ဘီ)၊ပန်းခရေလမ်း၊ခရေရိပ်မွန်(၂)၊	မင်္ဂလာဒုံမြို့နယ်
စိမ်းမို့	၀၉-၅၀၅၂၅၄၄	အမှတ်(၁၉)၊ဆင်ဝင်လမ်း၊	အလုံမြို့နယ်
Dr. ရီရီအေး	၀၁-၅၂၄၄၀၉	အမှတ်(၂၁-အေ)၊ကမ္ဘောဇလမ်း၊ရွှေတောင်ကြား(၂)ရပ်ကွက်၊	ဗဟန်းမြို့နယ်
ရွှေစပါယ်ဦး	၀၉-၅၁၅၄၀၁၄	အမှတ်(၁၂၈၉)၊မြေညီထပ်၊စံပယ်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊	တာမွေမြို့နယ်
ဦးနိုင်ဦး	၀၉-၉၉၂၈၁၆၃	တိုက်(၃)၊အခန်း(၁၀၄)၊ဧယျာမွန်အိမ်ရာ၊ဘုရင့်နောင်၊	မရမ်းကုန်းမြို့နယ်
ရွှေလိပ်ပြာ	၀၉-၅၀၅၃၈၈၄	တိုက်(၅)၊အခန်း(၁၀၃)၊အင်ကြင်းမြိုင်အိမ်ရာ၊	ဗဟန်းမြို့နယ်
တူးစီ	၂၉၄၀၄၈	အမှတ်(၁၄)၊ဝတ်ကျောင်းလမ်း၊ရေကျော်၊	ပုဇွန်တောင်မြို့နယ်
အီးဂဲလ်	Co/ ၆၄၁၀၅၁	အမှတ်(၄၂)၊သုခလမ်း၊ဖော့ကန်ရပ်ကွက်၊	အင်းစိန်မြို့နယ်
မပပစိုး	၇၂၈၄၇၀	အမှတ်(၂၈-အေ)၊ဗိုလ်ရာညွန့်လမ်း၊	ဒဂုံမြို့နယ်
မငွေး	၅၀၁၄၆၆ Ex:၃၂၆	တိုက်(၁၆)၊အခန်း(၄)၊အေးရိပ်မွန်(၁)လမ်း၊	လှိုင်မြို့နယ်
မြစ်ရွှေလီ	၃၈၇၆၁၅၊ ၇၀၇၉၈၇	အမှတ်(၁၈၀)၊ဗိုလ်ဆွန်ပက်လမ်း၊	ပန်းဘဲတန်းမြို့နယ်
နိုင်းစတား	၅၂၆၉၂၁	အမှတ်(၁၅)၊ဘုရင့်နောင်လမ်း၊	ပန်းဘဲတန်းမြို့နယ်
မစန္ဒာ	၅၀၄၃၄၉	အမှတ်(၂၈)၊မအူပင်လမ်း၊	စမ်းချောင်းမြို့နယ်
ဦးတင်အေး	၆၅၀၃၁၂	အမှတ်(၅၆၇)၊(၆)လမ်း၊(၁)ရပ်ကွက်၊	မရမ်းကုန်းမြို့နယ်
ဦးတင်စိုး	၂၉၆၆၃၃	အမှတ်(၄၃)၊(၁၃၇)လမ်း၊	တာမွေမြို့နယ်
ဦးထွန်းဝေ	၀၉-၅၀၁၀၉၅၅	အမှတ်(၃၈)၊စဉ့်အိုးတန်းလမ်း၊	လသာမြို့နယ်
ကိုဇော်ညွန့်	၅၀၅၈၂၈	အမှတ်(၁၂၁)၊အင်းစိန်လမ်း၊	ကမာရွတ်မြို့နယ်
မကာရင်မ	၂၅၆၈၈၁	အမှတ်(၁၈၈)၊(၄၂)လမ်း၊ဘိုကလေးဈေး၊	ဗိုလ်တထောင်မြို့နယ်
ဒေါ်ရီရီစန်း	၅၅၃၆၄၄ Ex: ၅၅၃	တိုက်(၂)၊အခန်း(၃၉)၊ရွှေဂုံရိပ်မွန်အိမ်ရာ၊	ဗဟန်းမြို့နယ်
ဦးကျော်ကျော်	၅၇၁၀၁၄ / ၅၇၉၄၃၃	အမှတ်(၂၁)၊ကာယသုခလမ်း၊(၁၂)ရပ်ကွက်၊	ရန်ကင်းမြို့နယ်
အန်တီညွန့်	၂၂၄၅၁၂	အမှတ်(၄၃)၊၁၄လမ်း၊	လမ်းမတော်မြို့နယ်

PMG
PEACE MYANMAR GROUP CO., LTD.
Tel: 951 526 196, 538 412

မွေးနေ့ဆုတောင်း

ဩဂုတ် ၂၃ ရက်တွင် ကျရောက်သော **မကြည်ကြည်နွဲ့(ခ)မချို**၏ (၃၉) နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သား-ဆက်ကောင်းခန့်၊ သမီး-မယွန်းပွင့်မောင်တို့နှင့်အတူ အောင်မြင်သော ဘဝခရီးကို သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်မေမေ - ဒေါ်ရွှေရီ
မောင်လေး - ထွန်းထွန်း(ခ)ပေါ်ဦး
ညီမလေး - မအေးချမ်းသူ
တူလေး - မောင်တင်မင်းခန့်
တူမလေး - မနှင်းပွင့်ထွန်း

အာဗာဖီးလ်ဒ် (Arbourfield)
၁၆၂-လမ်း(၅၀) အထက်
ဘလောက် ပုဇွန်တောင်
ဖုန်း 201325 ,0986 45716,291202
ပြည်ပ လုပ်ငန်း ခွင်ဝင် မည့် သူများ အတွက်
PIPE FABRICATORS -------- သင် တန်း:
PIPE FITTERS -------------- သင် တန်း:
WELDER TIG -------------- သင် တန်း:
အ ပတ် စဉ် တ နင်္လာ နေ့တိုင်း လက်ခံ သည်။

NEWS WATCH WEEKLY
စောင့် ကြည့် သ တင်း ဂျာ နယ်

❖အမြွှာပူးမွေးဖွားလာသောကလေးငယ်နှစ်ဦးအနက် တစ်ဦးမှာအသည်းနှင့်နှလုံးနေရာမှားနေ၍ ဆေးပညာလောကတွင် တစ်ခါမျှမတွေ့ဖူးသောအဖြစ်၊ ❖မြောက်ဥက္ကလာပဆေးရုံမှဆရာဝန်ကြီးများတွေ့ရှိ ❖ ဘန်ကောက်မှာ ၃-လ တစ်ကြိမ်ဆေးစစ်ခံယူနေသည့်အကယ်ဒမီရန်အောင် ❖ ဇက်ဘူသို့အလုပ်သွားလုပ်လိုသူများအတွက် ရက်တိုသင်တန်းနှင့်အလုပ်စီစဉ်ပေးနေသည့်အေဂျင်စီ ❖ဝါဆိုမှာ ထူးထူးခြားခြားပွင့်တဲ့ပိတောက်ပန်း ❖ မျက်မမြင်ကျောင်းမှ ဘွဲ့ရသူများအကြောင်း ❖မောင်သန်းဆွေ (ထားဝယ်)၏ ရှားရှားမလေးနှင့်ထိုင်းမင်းသားအတွင်းရေး ❖လူကြီးရောလူငယ်ပါဖြစ်တတ်သည့် သွေးလွန်တုတ်ကွေးရောဂါအကြောင်းကြိုတင်ကာကွယ်နည်း ❖ဂျပန်က မြန်မာပြည်မြစ်ဝကျွန်းပေါ်ဒေသအတွက် ကန်ဒေါ်လာ(၃)သန်းကူညီမည် ❖ ၂၀၂၅ ခုနှစ်တွင် ဆီးချိုသွေးချိုရောဂါနှစ်ဆတိုးနိုင်ဖွယ်ရှိ ❖"မေတ္တာနှောင်ကြိုး" ဇာတ်လမ်းနှင့် အောင်မြင်တဲ့ဟန်ရင်းဆေးလ် ❖ကင်မရာကြော်ငြာများနဲ့အတူတွေ့ရမယ့် ဂျန်ဒုန်ကန် (ဒါရိုက်တာရင်)၊ ပျိုတိုင်းကြိုက်တဲ့ Rain၊ ဆိုဂျင်ဆပ် ❖ဇက်ဘီးနင်းရတာကြိုက်တဲ့ ခွဲဂျင်ဆေးလ် ❖ယခုတစ်ပတ်စောင့်ကြည့်ရမည့်ပုဂ္ဂိုလ်များဘယ်သူတွေလဲ • • ထွက်ပြီ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၈-၂၀၀၈(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ကြေးမုံရိပ်သွင် တေးနှုယဉ်
၈း၀၀ ၆။ **"မီးမီးရဲ့ ဆုံးဖြတ်ချက်" (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၈း၁၅ ၇။ အကပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၀ ၇။ အကပြိုင်ပွဲ
၅း၁၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ)
၅း၂၀ ၉။ **"ရေမြင့်-ကြာတင့်" (ခန့်စည်သူ၊ ရော၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ထင်ပေါ်၊ ငွမ်းပုံ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-ဖုန်းမြင့်အောင်[**
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀ ၁၄။ ရွှေမျက်ပါး(ခေါ်) ရွှေဆိုင်းလုပ်ငန်း
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်' (အပိုင်း-၁)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၁)**
၂၀။ အစီအစဉ်ပြီး၏။

CORNERSTONE
School of English
Preschool (3-5) Years
Time table
Part Time 9:30 - 12:00
Full Time 9:30 - 2:30
Learning-by-doing နည်းဖြင့်သင်ကြားခြင်း။
ကလေးများ ကိုယ်၊ စိတ်နှင့် ဉာဏ်ဖွံ့ဖြိုးမှုကို အလေးထားသင်ကြားခြင်း။
ကျောင်းကိုရောက်ချင်စိတ် စာသင်ကြားလိုစိတ်ရှိသော ကလေးများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်း။
မူလတန်းတွင် လိုအပ်သော အခြေခံကောင်းများကို အသက်အရွယ်အလိုက် စနစ်တကျ သင်ကြားပေးခြင်း။
နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြင့်စနစ်တကျသင်ကြားခြင်း။
School Bus
Address : Building (C), No.(104), Hiway Complex, Narnataw Road, Kamayut Tsp. Yangon. Ph : 503074 , 09502-5559

MIEC ☎ 256602, 392617
○ သင်ကြားပြသမှု ထူးခြားစွာမတူသောကြောင့် မတူသော ကျောင်းလခတော့ကောက်ပါမည်
SAT I ဖွင့်ပြီ
○ သင်တန်းသား ၅ ဦးဖြင့်စတင်ပါမည်၊ ၁၀ဦးထက်ပိုပြီးလက်မခံပါ
○ ဤကျောင်းမှသင်ကြားမှုမပြည့်စုံ၍ နောက်တစ်ကျောင်းတွဲ တက်ရတာမျိုးမဖြစ်စေရပါ
၁၂ထပ်၊ အခန်း ၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်

TIME TO TIME
time to time အချိန်နှင့်အမျှ
Volume (1), No. (3)
ကွန်ပျူတာသုံးစွဲသူတိုင်း
အင်တာနက် အီးမေးသုံးစွဲသူတိုင်း
အိုင်တီခေတ်ကို အမီလိုက်ချင်သူတိုင်း
ပြည်တွင်းပြည်ပသတင်းများကို
အချိန်နှင့်အမျှ သိလိုသူတိုင်း
အပတ်စဉ်ဝယ်ဖတ်ရမယ့်
အိုင်တီ၊ ပညာရေးနှင့် သတင်းဂျာနယ်
Hang ဖြစ်တဲ့ ကွန်ပျူတာနဲ့ ကွန်ပျူတာဝါသနာရှင်တို့ သတိထားစရာ (ဦးအေးကိုကို)၊ Image တစ်ခုကို web ပေါ် ခန်တီးရာတွင် သိထားသင့်သည့် အချက်များ (AK J@me)၊ Charger for MP3 player or iPod (T@H)၊ ၂၀၀၈ ဂိမ်းစ်ဘွန်းရဲ့ နောက်ဆုံးပေါ်ပစ္စည်းများ (တပေါင်း)၊ အွန်လိုင်းပေါ်မှာ စာမေးပွဲဖြေချင်သူများအတွက် (မြင့်ကျော်လှိုင်) နှင့် စိတ်ဝင်စားဖွယ် သတင်းများ

ဆေးပညာရပ်သင်ယူမှုအကြောင်း ဆွေးနွေးပွဲ
ဆေးကျောင်းများတွင် ဆေးပညာရပ်သင်ယူခြင်းဆိုင်ရာအကြောင်းကို ကျွမ်းကျင်သူများမှ ဆွေးနွေးဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများအောက်ပါ အစီအစဉ်အတိုင်းတက်ရောက်ပါရန် စိတ်ကြားအပ်ပါသည် လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများ ဖုန်းဖြင့် ကြိုတင်စာရင်းသွင်းရပါမည်

Yangon		Mandalay
၂၃ -၀၈ -၀၈ / ၂၄ - ၀၈ -၀၈	နေ့စွဲ	၂၅ -၀၈ -၀၈ / ၂၆ - ၀၈ -၀၈
MIEC Convention Hall	နေရာ	BEST Language School
၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီ	အချိန်	၁၀း၀၀နာရီ မှ ၁၂း၀၀ နာရီ

အသေးစိတ်စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်
MIEC - PMC Group
12-01, Olympic Tower, BoAungKyaw St
Tel : 392617, 256602

BEST Language School
B - 3/6, Rm 301, 3rd floor, Ray World Complex
Btw 32nd & Zawtika Sts, Btw 77th & 78th Sts.
Tel: 02 72467 ext 301, 09 516 5388

NAING Group Construction Co.,Ltd.
ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)
အသစ်ဖွင့်လှစ်မည့် အဆင့်မြင့်အိမ်ဆောက်ပစ္စည်းဆိုင်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသော ဝန်ထမ်းများအလိုရှိသည်။
(အရည်အချင်းပြည့်ဝပါက ထိုက်တန်သောလစာထက်ပိုမိုချီးမြှင့်သွားမည်။)

♦ General Manager ကျား(၁) ဦး
- ဘွဲ့ရ၊ M.B.A(သို့) M.P.A(သို့) C.P.A ရရှိပြီးသူ။
- အသက်(၄၀)အောက် လုပ်ငန်းအတွေ့အကြုံ(၅)နှစ် (အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)
- Admin ,Planning,Trading, Marketing, Finance,Banking ကဏ္ဍစုံခြုံငုံ အကောင်အထည်ဖော်နိုင်သူ။
- ပြည်ပကုမ္ပဏီများနှင့် ဆက်စပ်လုပ်ကိုင်ပြောဆိုနိုင်သည့် အင်္ဂလိပ်စာနှင့် ကွန်ပြူတာ စွမ်းရည်ပြည့်ဝသူ။
- ကုမ္ပဏီတစ်ခုလုံး၏ လိုအပ်ချက်ကို ရေတိုရေရှည်စီမံခန့်ခွဲနိုင်စွမ်းရှိသူ။

♦ Marketing Manager ကျား/မ (၁) ဦး
- ဘွဲ့ရ၊ M.B.A ရရှိပြီးသူ။
- အသက်(၃၅)နှစ်အောက် လုပ်ငန်းအတွေ့အကြုံ(၃)နှစ် (အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက် ကိုလျှော့ပေါ့စဉ်းစားမည်။)
- ပြည်ပမှတင်သွင်းလာမည့် အိမ်ဆောက်ပစ္စည်းအမည်သစ်များကို ဈေးကွက်မြှင့်တင်ရေး လုပ်ဆောင်နိုင်သူ။
- အင်္ဂလိပ်စာနှင့်ကွန်ပျူတာ စွမ်းရည်ပြည့်ဝသူ။
- Marketing နှင့်ဆက်စပ်လျက်ရှိသော Trading Warehouse & Logestic ဗဟုသုတပြည့်ဝပြီး ပူးပေါင်းလက်တွဲအကောင်အထည်ဖော်နိုင်သူ။

♦ Adminstration Manager ကျား (၁) ဦး
- ဘွဲ့ရ၊ Management ဆိုင်ရာဒီပလိုမာ(သို့) ဘွဲ့ရ။
- အသက်(၄၀)နှစ်အောက် စီမံခန့်ခွဲမှုအတွေ့အကြုံ(၅)နှစ် (အတွေ့အကြုံပေါ်မူတည်၍ အသက်ကန့်သတ်ချက် ကိုလျှော့ပေါ့စဉ်းစားမည်။)
- ဝန်ထမ်းစည်းကမ်း၊အလုပ်ချိန်စည်းကမ်း၊အလုပ်ခွင်စည်းကမ်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ။
- မိမိကုန်ပစ္စည်းနှင့် ဝန်ထမ်းကြို/ပို့ယာဉ်စီစဉ်ခြင်း၊ အသေးစားရုံး/ပြခန်း ပြင်ဆင်မှုများ ကြီးကြပ်နိုင်သူ။
- အင်္ဂလိပ်စာနှင့် ကွန်ပျူတာစွမ်းရည်အသင့်အတင့်ရှိသူ။

♦ Planning Manager ကျား/မ (၁) ဦး
- ဘွဲ့ရ၊ စီးပွားရေးဆိုင်ရာ ဒီပလိုမာလက်မှတ်ရှိသူ။
- အသက်(၃၅)နှစ်အောက် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်
- လစဉ်၊(၃)လပတ်၊နှစ်ဝက်၊နှစ်စဉ် စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်မှုကို အကဲဖြတ်သုံးသပ်နိုင်စွမ်းရှိသူ။
- အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူ။
- Warehouse & Logestic ဗဟုသုတရှိသူ။

♦ Senior Accountant မ (၃) ဦး
- စီးပွားရေးတက္ကသိုလ်ဘွဲ့ရ။လုပ်ငန်းအတွေ့အကြုံ(၂)နှစ်။
- အသက်(၃၅)နှစ်အောက် အိမ်ထောင်မရှိသူ (အပျို) ဖြစ်ရမည်။
- MYOB Software ကို လက်တွေ့ကျွမ်းကျင်စွာအသုံးချနိုင်သူ။
- နေ့စဉ်၊လစဉ်၊(၃)လပတ်၊နှစ်ချုပ်စာရင်းများကို Manural / Computer (၂)မျိုးစလုံး ရေးဆွဲနိုင်သူ။
- မိမိဆိုင်တွင် ရောင်းချသော ကုန်ပစ္စည်းအမည်အလိုက် ရောင်းအား/ Stock အခြေအနေများကို Up to Date တင်ပြနိုင်စွမ်းရှိသူ။

♦ Marketing Staff ကျား/မ (၅) ဦး
- ဘွဲ့ရ၊ Marketing ဆိုင်ရာ Certificate (သို့) ဒီပလိုမာရရှိသူ။
- အသက်(၃၀)နှစ်အောက် လုပ်ငန်းအတွေ့အကြုံ(၂)နှစ်
- ရိုးရှင်းသန့်ပြန့်၍ ပစ္စည်း/ငွေကြေး/စာရင်းဇယားပိုင်း တိကျစွာလုပ်ဆောင်နိုင်သူ။

♦ Store Helper ကျား/ မ (၅) ဦး
- အခြေခံပညာအထက်တန်းအောင်ပြီး ကျန်းမာရေးနှင့်ပြည့်စုံသူ။
- အသက်(၂၅)နှစ်အောက်၊ဆောက်လုပ်ရေးလုပ်ငန်း(သို့) ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်များ၌ အတွေ့အကြုံရှိသူ။– ရိုးသားဖြောင့်မတ်၍ လုပ်ငန်းအပေါ် သစ္စာရှိသူ။

ရာထူးအလိုက်လျှောက်ထားလိုသူများသည် CV Form ၊ ပညာအရည်အချင်း အထောက်အထား(မိတ္တူ) အကျင့်စာရိတ္တထောက်ခံချက်၊အလုပ်သမားမှတ်ပုံတင်(မိတ္တူ) ၊အိမ်ထောင်စုစာရင်း(မိတ္တူ)၊အထောက်အထားများနှင့် တကွ မန်နေဂျာ၊H.R.D ၊ NFC (ရုံးချုပ်)၊အမှတ်(၁၁၇/၁၂၇)၊၃၃လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ သို့ ကြော်ငြာပါသည့် နေ့မှ(၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

စိုးမိုးစာပေ
မြူးလဲ့သွယ်ဖိ
ကိုယ့်ရင်ထဲမှာမင်း မင်းရင်ထဲမှာသူ

အများသိစေရန်နှင့်သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇၅)၊ (၃၁)လမ်းရှိ (SUNNYINAUNG INTERNATIONAL Co.,Ltd.) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်နှင့် သတိပေးတားမြစ်လိုက်သည်-

GOD TUSSI GREAT HO အမည်ရှိ ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားကို တစ်ဦးတည်းမူပိုင်အဖြစ် (၁၄-၈-၂၀၀၈) ရက်စွဲဖြင့် သက်ဆိုင်ရာက(SUNNYINAUNG INTERNATIONAL Co.,Ltd.)အတွက် တင်သွင်းခွင့်ပြုထားပါသည်။

သို့ပါ၍ ၎င်းဇာတ်ကားကို မည်သူမျှ VCD. DVD များဖြင့်လည်းကောင်း၊ ရုံတင်ဇာတ်ကားအဖြစ် လည်းကောင်း ပြန်လည်ကူးယူခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်း၊ နယ်ရုံများတွင် အခကြေးငွေဖြင့် ပြသခြင်း၊ လမ်းဘေးဆိုင်များ၊ ခွေငှားဆိုင်များတွင် ကူးခွေများဖြင့် ကူးယူငှားရမ်းခြင်း၊ ရောင်းချခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ရန် သတိပေးတားမြစ်သည်။

မလိုက်နာ ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပြီး နစ်နာကြေးပါ ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရွှေလှိုင်တင် (စဉ်-၅၉၇၈)
(SUNNYINAUNG INTERNATIONAL Co.,Ltd.)၏
ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းအကြံပေး
ဖုန်း-၀၉၅၀၅၈၉၀၇
အမှတ်(၃၁)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

သက္က (ဓေတ္တရာ)
ကျွန်တော်နှင့် ရွှေမြင်သာ ရသစုံစာစုများ
ထွက်ပြီ
အလင်္ကာဝတ်ရည်စာပေတိုက် မှ
ရန်ကုန် - အမှတ်(၂၇၀)၊ မြေညီထပ်၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:392507
မန္တလေး - ထွန်းဦးစာပေတိုက် ➢ ၁၀၁/၈၄လမ်း (၂၉×၃၀)လမ်းကြား၊ မန္တလေး။ Ph:02-23502 , 02-39801

သင့်ဈေးဖြင့် အသက်ကယ်ပါ

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ၁၃တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဥက္ကလာပစေတီတော် မဟာမုနိမ္မာရုံ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် အောင်မြေရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဉာဏသေဌထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အောင်မြေရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏသေဌအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

နိုင်ငံတကာ စီးပွားရေးဆိုင်ရာ အင်တာနက်သတင်းဆောင်းပါး

ကမ္ဘာ့ဈေးအချိုဆုံးကား ထုတ်လုပ်နိုင်ပါဦးမည်လား

စာမျက်နှာ-၅

ကြေးမုံ The Mirror ယနေ့ဆောင်းပါးအညွှန်း

“ပညာကို ဆီမီးဖြင့် သင်္ကေတပြုကြပါသည်။ ပညာသည် ဘဝအတွက်၊ လောကအတွက်၊ လောကုတ္တရာအတွက် အလင်းရောင်ဖြစ်စေသည်ဟူသော အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ ထိုအခါ ပညာအလင်းရောင်ကိုထွန်းလင်းအောင်ဖန်တီးပေးသူများဖြစ်သည့် ဆရာ၊ ဆရာမများသည်လည်း ‘ဆီမီးတိုင်’များသဖွယ် ဖြစ်လာကြပါသည်။”

ခင်ဆွေမြင့်(မြန်မာစာ)၏

“ဆီမီးတစ်တိုင်မှသည်. . . (ဆောင်းပါး)

စာမျက်နှာ-၆

ပေကျင်းအိုလံပစ်အားကစားပွဲတော် အမျိုးသမီး မီတာ၁၀၀ အပြေးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် ဂျမေကာမှ ရှယ်လီအန်းဖရာဆာ (အလယ်) **ရှေ့ဆုံးမှ ပန်းဝင်လာစဉ်။***(ရှယ်လီအန်း၏ စံချိန်မှာ ၁၀ဒသမ ၇၈စက္ကန့်ဖြစ်ပြီး အခြား ဂျမေကာနိုင်ငံသူနှစ်ဦးဖြစ်သော ကာရွန်စတီးဝပ်နှင့် ရှီရွန်စင်ဆန်* **(ဝဲစွန်နှင့်ယာစွန်)** *တို့မှာ ၁၀ဒသမ ၉၈ စက္ကန့်စီဖြစ်၍ စံချိန်တူ ဒုတိယနေရာမှ ပန်းဝင်ခဲ့ကြသည်။)*

(ဓာတ်ပုံ-ဆင်ဟွာ)